ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (29-8-2005) (၄၇၀၂)

မြေပေါ်၊ မြေအောက် ပြည်ပြေးတိုက်ကွက်များ အားလုံးနီးပါးကို နိုင်ငံတော်အနေဖြင့် ကြိုတင်ကာကွယ် တားဆီးချေမှုန်းပစ်နိုင်ခဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့် အကြမ်းဖက်လုပ်ရပ်များ တားဆီးရန် ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှု အထူးလိုအပ်

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက် အဖျက်သမားအဖွဲ့များက ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပ အကြမ်းဖက် အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနှင့် စပ်လျဉ်း၍ လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရှင်းလင်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်မဂ္ဂဇင်း သတင်းထောက်များခင်ဗျား–

ယနေ့ သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်အနေနဲ့ ပြည်ထဲရေး ဝန်ကြီးနဲ့ ရဲချုပ်တို့ရဲ့ ရှင်းလင်းပြောကြားချက်များနဲ့ စပ်လျဉ်း၍ လည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များ အပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များနဲ့ စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ မိမိတို့ ကျင့်သုံးနေသော သတင်း ထုတ်ပြန်မှုအခြေအနေ၊ သဘောထားများနဲ့ စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက် အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ် ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၈-၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးကဏ္ဍ၏ အရေးပါမှုကိုသိမြင်

ပညာရေးဆိုင်ရာတာဝန်များ ကျေပွန်စွာထမ်းဆောင်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ်လ ၂၇ ရက်နေ့နံနက်က ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်ရှိ ဒဂုံတက္ကသိုလ်သို့ သွားရောက်၍ ဒဂုံတက္ကသိုလ်၏ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် အခြေခံအဆောက်အအုံများ ဖူလုံပြည့်စုံရေးလုပ်ငန်းများ၊ တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒဂုံတက္ကသိုလ်ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် **မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ပြီးနောက် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသူ၊ နိုင်ငံသားများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင် ဘက်စုံကဏ္ဍစုံက အားထုတ် ကြိုးပမ်းခဲ့ရကြောင်း** ပြောကြားသွားသည်။

တပ်မတော်အစိုးရက ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကောင်အထည် ဖော်ဆောင်ပေးရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဖြန့်ကြက်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းလျက် ပြည်သူအများ လုံခြုံအေးချမ်းမှု အကျိုးရလဒ်ကောင်းများ ခံစားနေရပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးသည်လည်း တစ်စထက်တစ်စ တိုးတက်ခိုင်မာပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်း တိုးတက်မြင့်မားလျက်ရှိနေသည့်အပြင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည်။

ယင်းသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် ယခုအခါ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိနေသည်။

တစ်နည်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ပကတိဘဝအခြေအနေမှန်များနှင့် ဆီလျော်ညီညွတ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများအပြင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမှုဟူသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများလည်း ဖြစ်ထွန်းရန်လိုအပ်ပေသည်။

ပြည်သူအများ ပညာရည်မြင့်မားပြီး အသိဉာဏ်ပညာဗဟုသုတ ပြည့်စုံကြွယ်ဝပါမှ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှန်အမှားကို ရွေးချယ်နိုင်မည်ဖြစ်သည့်အပြင် မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့်သာ နိုင်ငံတော်၏ အနာဂတ်ကို တည်ငြိမ်ခိုင်မာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အနာဂတ်ကာလတိုင် သယ်ပိုးသွားနိုင်ရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ပညာရေးကဏ္ဍ၏ အရေးပါမှုကို သိမြင်ပြီး မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဥဇဘက်ကစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် အထက်လွှတ်တော်က တညီတညွတ်တည်း မဲခွဲဆုံးဖြတ် တောင်းဆို

တပ်ရှုကင့် ဩဂုတ် ၂၇

ဥဇဘက်ကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ဥဇဘက်နိုင်ငံပိုင်နက်အတွင်း တည်ရှိသည့် လေယာဉ်ကွင်း၌ စခန်းချထားသော အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းသွားရန် ဥဇဘက်အထက်လွှတ်တော်က ဩဂုတ် ၂၆ ရက်တွင် တညီတညွတ်တည်း မဲခွဲဆုံးဖြတ်ကာ ဖိအားများကို တိုးမြှင့်ပေးလျက်ရှိကြောင်း သတင်းများကဆိုသည်။

အမေရိကန်၏တပ်ဖွဲ့များ၊လက်နက်ပစ္စည်းများကို ဥဇဘက်နိုင်ငံရှိ ကာစီ-ခါနာဘတ် လေယာဉ်ကွင်းတွင် အခြေစိုက်ထားသည်။ ထိုလေယာဉ်ကွင်းရှိ စစ်ဘက်ဆိုင်ရာများ အားလုံးကို ခြောက်လအတွင်း ထွက်ခွာပေးရန် ဥဇဘက်အာဏာပိုင်များက ဇူလိုင်လကတည်းကစ၍ တောင်းဆိုခဲ့ကြသည်။

တောင်းဆို

အဆိုပါ ကန်တပ်ဖွဲ့များ ရုပ်သိမ်းထွက်ခွာရေးကိစ္စကို ဥဇဘက်ဆီးနိတ်နှင့် အထက်လွှတ်တော်တို့က တညီတညွတ်တည်း မဲခွဲဆုံးဖြတ်ခဲ့ကြပြီး ကန်တပ်များထွက်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

မလိုလား

အမေရိကန်တပ်ဖွဲ့များ ဥဇဘက်တွင် ရှိနေသည်ကို ရှေးရိုးစွဲသမားများနှင့် ကန်တို့၏ရန်သူများက မလိုလားကြပေ။ မိမိတို့အနေဖြင့် ထိုအုပ်စုနှစ်စုအကြားတွင် ကြားညပ်နေသည့် အဖြစ်ကို မလိုလားကြောင်း ကာရှိကာဒါဒေသ၏အုပ်ချုပ်ရေးမှူး နုရီဒင်ဇာနီရက်ဗ်က ပြောကြားသည်။ အဆိုပါနယ်စပ် လေတပ်စခန်းသည် ကာရှိကာဒါဒေသအတွင်း တည်ရှိသည်။

အမေရိကန်နိုင်ငံသည် ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ထိုအဖြစ်အပျက်နောက်ပိုင်း မကြာမီမှာပင် ဥဇဘက်လေတပ်စခန်းကို ကန်တပ်ဖွဲ့များ အသုံးပြုခွင့်ရခဲ့ပြီး ထိုလေတပ်စခန်းအား အာဖဂန်နစ္စတန်နိုင်ငံကို တိုက်ခိုက်ရာ၌ ကန်တို့က ကြားစခန်းတစ်ခုအဖြစ် အသုံးချခဲ့ကြသည်။

ဥဇဘက်နိုင်ငံအရှေ့ပိုင်း အင်ဒီဇန်မြို့တွင် မေလက မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့သည်။ ထိုမငြိမ်မသက်မှုကို ဥဇဘက်အာဏာပိုင်များက နှိမ်နင်းခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကန်တို့နှင့် ဥဇဘက်နိုင်ငံတို့အကြား သဘောထားကွဲလွဲပြီး ဆက်ဆံရေးတင်းမာလာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဂျမူးဒေသတွင် ဗုဒ္ဓဟူးနေ့က အင်အားပြင်းထန်သည့် ဗုံးပေါက်ကွဲသံနှင့် သေနတ်သံများကို ဆူညံစွာကြားခဲ့ရကြောင်းဖြင့် အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြပါဒေသမှ အယ်လ်-ရာဘီလမ်းတွင် ညနေ ၃နာရီက ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်အား ပစ်မှတ်ထားတိုက်ခိုက်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာ သတင်းဌာနအား ပြောကြားသည်။

ဗုံးပေါက်ကွဲမှုအပြီး ရှော့ကက်ဒုံးကျည်၊ ဒုံးပစ်လောင်ချာနှင့် သေနတ်ပစ်ခတ်သံများ ပေါ်ထွက်လာခဲ့သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြို့တော်ပါရီတွင် မီးလောင်မှုဖြစ်ပွား

ပါရီ ဩဂုတ် ၂၇

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ခုနစ်ထပ်တိုက်ခန်းအိမ်ရာတစ်ခုတွင် သောကြာနေ့က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၁၇ဦးသေဆုံးပြီး လူ ၃၀ဒဏ်ရာရရှိကြောင်း၊ သေဆုံးသူများတွင် ကလေးများလည်းပါဝင်ကြောင်း ပြင်သစ် တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်ပါရီတောင်ပိုင်းဒေသတွင် ညအချိန် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို လောလောဆယ်မသိရသေးကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောခွင့်ရသူက ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ နီးပါးက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ မီးလောင်မှုဖြစ်ပွားသည့် တိုက်ခန်းအိမ်ရာတွင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ အများအပြားနေထိုင်ကြကြောင်း ပြင်သစ် အသံလွှင့်ဌာနက ကြေညာသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Measures of Location (ပထမနှစ်-စီးပွားရေးပညာ)
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၁၂)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစုံစမ်း
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်တား" (အပိုင်း-၂)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ဘဂ္ဂဒက်တွင် ရဲတပ်ဖွဲ့လှည့်ကင်းအဖွဲ့ တိုက်ခိုက်ခံရ ပြောက်ကျားများက လုံခြုံရေးတပ်ဖွဲ့များကို မကြာခဏတိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်ထွက်လာစဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းများကဆိုသည်။

ဘဂ္ဂဒက်မြို့ ဒိုရာခရိုင် အဝေးပြေးလမ်းမပေါ်တွင် ရဲတပ်ဖွဲ့ လှည့်ကင်းရောက်အလာ ဩဂုတ် ၂၅ ရက် ၁၂နာရီခွဲတွင် ဗုံးပေါက်ကွဲသွားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်များက ပြောကြားသည်။

ယခုနှစ် ဧပြီလမှစ၍ ဖွဲ့စည်းနိုင်ခဲ့သည့် အီရတ် အစိုးရကို အားနည်းသွားစေရန် ရည်ရွယ်၍ ပြောက်ကျားများက ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မကြာခဏ တိုက်ခိုက်နေခြင်းဖြစ်သည်။

အီရတ်သမ္မတ ဂျလာတာလာဘာနီ စီးနင်းလိုက်ပါလာလေ့ရှိသော ယာဉ်တန်းကို ဩဂုတ် ၂၄ ရက်က သေနတ်သမားများက ဘဂ္ဂဒက်မြို့၌ ချုံခိုတိုက်ခိုက်ခဲ့ကြသည်။

သို့ရာတွင် ထိုယာဉ်တန်းတွင် သမ္မတ လိုက်ပါလာခြင်း မရှိသည့်အတွက် သမ္မတကို ထိခိုက်ခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပြောက်ကျားများက တိုက်ခိုက်မှုများမစတင်မီ လမ်းဘေးဗုံးတစ်လုံးကို ဦးစွာ ဖောက်ခွဲလိုက်ပြီးနောက် လက်နက် ငယ်များဖြင့် ဝိုင်းဝန်း ပစ်ခတ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုတိုက်ခိုက်မှုကြောင့် သမ္မတ၏ သက်တော်စောင့်နှစ်ဦး သေဆုံးသွားပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ဆာလာဟူဒင်ဒေသ ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

FTUB မောင်မောင်နဲ့ NDD သိန်းဝင်းတို့ သတင်းမှားများ ရယူပေးပို့ပြီး နိုင်ငံတကာကို လိမ်လည်နေ

FTUB မှ မောင်မောင်ဟာ အနောက်နိုင်ငံ အဖွဲ့အစည်းတစ်ခုရဲ့ ထောက်ပံ့မှုကိုယူပြီး မြို့တော်ရန်ကုန် မေ (၇)ရက်နေ့ ဗုံးဖောက်ခွဲမှုဖြစ်စဉ်ကို ကြိုးကိုင်ဆောင်ရွက်ခဲ့

နောင်ကိုလည်း ဖောက်ခွဲဖျက်ဆီးရေး၊ အစိုးရဆန့်ကျင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်ကြိုးပမ်းနေ

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက် အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနှင့်စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်အနေနဲ့ အပိုင်းနှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ "အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နဲ့ လူထုအုံကြွမှု ဖြစ်စေရန် ကြံစည်လုပ်ဆောင်ခဲ့မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ"ကို ရှင်းလင်းပြီး ဒုတိယပိုင်းအနေနဲ့ "ရန်ကုန်မြို့တော် ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့သူများနဲ့စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ရရှိချက်များ"ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

ပြည်ပအခြေစိုက် (National Council of The Union of Burma=NCUB) လို့ခေါ်တဲ့ မြန်မာနိုင်ငံ အမျိုးသားကောင်စီနဲ့ (Federation of Trade Union of Burma=FTUB) ခေါ် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ဆိုတဲ့ အကြမ်းဖက် ပြည်ပြေးအဖွဲ့များရဲ့ အထွေထွေအတွင်းရေးမှူး တရားခံပြေး မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဟာ မဲဆောက်မှာရှိတဲ့ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု (Network for Democracy and Development=NDD)လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့မှ သိန်းဝင်းကို ကြားခံထားပြီး မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများနှင့် လူတန်းစား အလွှာအသီးသီးထဲမှာ မြေပေါ်အမာခံအချို့ မြှုပ်နှံစည်းရုံးမွေးမြူ၍ ငွေကြေးအထောက်အပံ့များ ပေးကမ်းကာ ပြည်တွင်းရေး မငြိမ်မသက် ဖြစ်ပွားစေရန်နဲ့ လူထုအုံကြွမှု ဖြစ်ပွားစေရန် ကြံစည်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလို FTUB မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေနဲ့ NDD သိန်းဝင်းတို့က ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင်နဲ့ လူထုအုံကြွမှုဖြစ်အောင် လုပ်ဆောင်ခဲ့တဲ့ ပြုမူဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ၂၀၀၅ ခုနှစ် ဇူလိုင်လအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိတာနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆူပူမှုဖြစ်ရေးဖန်တီး

သတင်းစာဆရာကြီးများ သိရှိကြပြီး ဖြစ်သည့်အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းနေမှု၊ တပ်မတော်အစိုးရရဲ့ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီ ထူထောင်နိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနေမှုတွေကို လျစ်လျူရှုပြီး အဆိုးမြင်ဝါဒီအချို့နဲ့ အနောက်အင်အားကြီးနိုင်ငံအချို့ရဲ့ သွေးထိုးမြှောက်ပင့် ငွေကြေးထောက်ပံ့မှုကို ရယူနေတဲ့၊ ပြည်ပနိုင်ငံများမှာ အခြေစိုက်ထားကြတဲ့ ဆန့်ကျင်ဘက် အကြမ်းဖက် အဖျက်သမားအဖွဲ့တွေဟာ ကျင်းပဆဲ အမျိုးသားညီလာခံကြီး မအောင်မြင်ရေး၊ နိုင်ငံတော်အနေနဲ့ အကျပ်အတည်းအမျိုးမျိုး ရင်ဆိုင်ရပြီး ၁၉၈၈ အရေးအခင်းမျိုး ဆူပူမှုဖြစ်ပေါ်ရေးတို့ကိုဖန်တီးပြီး ပွဲလန့်တုန်းမှာ ဖျာခင်းမယ်ဆိုတဲ့အကြံနဲ့ တစိုက်မတ်မတ် ကြံစည်လုပ်ဆောင်နေကြပါတယ်။

အဲဒီ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေအနက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် FTUB အကြောင်းကို ရေးဦးစွာ ရှင်းပြလိုပါတယ်။ FTUB ကို ၁၉၉၁ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဥက္ကဋ္ဌ လှဦး၊ အထွေထွေအတွင်းရေးမှူး မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေ၊ လက်ထောက်အထွေထွေ အတွင်းရေးမှူး ဇော်ဝင်းအောင်တို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ ချင်းမိုင်၊ မဲဟောင်ဆောင်နဲ့ မဲဆောက်မြို့တွေမှာ ရုံးခန်းများ ဖွင့်ထားသလို ဝါရှင်တန်မြို့၊ ဆစ်ဒနီမြို့၊ တိုကျိုမြို့တွေမှာလည်း ရုံးခန်းများ ဖွင့်လှစ်ကာ အလုပ်သမားရေးရာကိစ္စတွေကို ဗန်းပြပြီး ပြည်တွင်းရေး မငြိမ်မသက်ဖြစ်အောင် ဝင်ရောက်နှောင့်ယှက်လှုပ်ရှားနေတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။

ပြည်ပထောက်ပံ့မှု

FTUB ဟာ မြန်မာနိုင်ငံအတွင်းမှ လယ်သမား၊ အလုပ်သမားများနှင့် အခြားသောရနိုင်သမျှ သတင်းများကို စုဆောင်း၍ မဟုတ်မမှန်၊ လုပ်ကြံဖန်တီး ချဲ့ကားထားကာ ILO နဲ့ အနောက်အုပ်စုနိုင်ငံများရှိ အလုပ်သမားအဖွဲ့တို့ထံပေးပို့ပြီး ထောက်ပံ့ငွေရရှိရေး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီထောက်ပံ့ငွေတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံကိုရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားအချို့ကို စည်းရုံးလေ့ကျင့်အသုံးချ၍ ပြည်တွင်းဆူပူမှုဖြစ်ပေါ်စေရန် အဖျက်လုပ်ငန်းနဲ့ ယူဂျီလုပ်ငန်းတွေကိုပါ လျှို့ဝှက်လုပ်ဆောင်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။FTUBရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဟာ ပြည်တွင်းအဖျက်အမှောင့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ဖို့နဲ့ ပြည်ပထောက်ပံ့မှု ပိုမိုရရှိစေဖို့အတွက် FTUB အဖွဲ့ကို မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUBမှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်၍ နေရာရရှိအောင် လုံးပန်းခဲ့တာကြောင့် ၃–၅–၂၀၀၄ ရက်နေ့မှ ၈–၅–၂၀၀၄ ရက်နေ့အထိ တစ်ဖက်နိုင်ငံရဲ့ နယ်စပ်တစ်နေရာမှာ ကျင်းပခဲ့တဲ့ NCUB သတ္တမအကြိမ် ညီလာခံမှာ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဟာ အထွေထွေအတွင်းရေးမှူးအဖြစ် အရွေးခံခဲ့ရပါတယ်။

မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUBဆိုတာကလည်း အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ကိုးဖွဲ့၊ ပြည်ပရှိ ဆန့်ကျင်ဘက် အဖွဲ့အစည်း ၂၆ဖွဲ့နဲ့ ပြည်ပကို ထွက်ပြေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက် နယ်မြေ)စတဲ့ အဖွဲ့တွေပေါင်းစပ်ပြီး နိုင်ငံတော်ကို နည်းမျိုးစုံနဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ NCUB ရဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ် မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေ အရွေးခံရဖို့အတွက် အနောက်နိုင်ငံကြီးတစ်ခုက ငွေကြေးအမြောက်အမြား ပုံအောအကုန်အကျခံပြီး ဆောင်ရွက်ပေးကြောင်းလည်း သိရပါတယ်။ ဒီလို လုပ်ဆောင်ရခြင်းဟာ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေအနေနဲ့ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ် FTUB ရဲ့ အထွေထွေအတွင်းရေးမှူး အဖြစ်သာမက NCUB ရဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ်နဲ့ပါ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေအပေါ်မှာ ဩဇာညောင်းလာအောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေ ဩဇာညောင်းတာနှင့်အမျှ သူ့နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေတဲ့ ဆရာကြီးတွေအနေနဲ့လည်း မြန်မာနိုင်ငံမှာ ၎င်းတို့လိုချင်တဲ့ စိတ်ကြိုက်ပုံစံကို ဖော်ဆောင်သွတ်သွင်းဖို့ ပိုမိုကြိုးပမ်းနိုင်မှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

အထက်က ကျွန်တော်ရှင်းလင်းပြောကြားခဲ့တဲ့အတိုင်း NCUB နဲ့ FTUB ရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ အနောက်နိုင်ငံကြီးတချို့ရဲ့ ငွေကြေးထောက်ပံ့မှုကို လျှို့ဝှက်တစ်မျိုး၊ ပေါ်ပေါ်ထင်ထင်တစ်ဖုံ ရယူပြီး အဲဒီငွေတွေနဲ့ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD သိန်းဝင်းကတစ်ဆင့် ပြည်တွင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းသုံးဦး၊ ဝန်ထမ်းဟောင်းနှစ်ဦးနဲ့ အရပ်သားသုံးဦး စုစုပေါင်း ရှစ်ဦးကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ မဲဆောက်ကိုခေါ်ယူတွေ့ဆုံပြီး ထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ ပြည်တွင်းသတင်းများ၊ ဝန်ထမ်း၊ အလုပ်သမားနှင့် လယ်သမားထုအတွင်း လှုံ့ဆော်သွေးထိုးရမယ့် အစီအစဉ်များ၊ UG စနစ်၊ နိုင်ငံရေးအန်တုမှု သင်တန်းများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ဒီလိုသင်ကြားရာမှာ အနောက်နိုင်ငံ အလုပ်သမားအဖွဲ့များနဲ့ ပတ်သက်နေတဲ့ နိုင်ငံခြားသားနှစ်ဦးလည်း ပါဝင်ပို့ချခဲ့တာဖြစ်ပါတယ်။ ကြားခံ သိန်းဝင်းအနေနဲ့ကတော့ လေ့ကျင့်သွေးထိုးပေးတဲ့ အမာခံတွေကို နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေးစိတ်ဓာတ်တွေ၊ သတင်းယူနည်း၊ ဆက်သွယ်နည်းတွေကို စမ်းသပ်ကြည့်ရှုလို့ စိတ်ကျေနပ်ပြီဆိုတာနဲ့ ပြည်တွင်းမှာ အဖျက်အမှောင့်လုပ်ရမယ့် ရည်မှန်းချက် တာဝန်တွေ ချမှတ်ပေးပြီး ပြည်တွင်းကို ပြန်လည်စေလွှတ်လိုက်ပါတယ်။ အဲဒီအမာခံတွေအပြန်မှာ မက်လုံးပေးတဲ့အနေနဲ့ ထောက်ပံ့ကြေးငွေတွေကို သိန်းနှင့်ချီပြီး ပေးလိုက်သလို နောက်ပိုင်းမှာ ပုံမှန်ထောက်ပံ့ငွေတွေကိုလည်း ကြားခံတွေမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ဆန့်ကျင်ဘက်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD မှ သိန်းဝင်းအကြောင်းကို အနည်းငယ် ရှင်းပြလိုပါတယ်။ သိန်းဝင်းဟာ ပဲခူးဇာတိဖြစ်ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးမှာ ပဲခူးNLD လူငယ်ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။ ပဲခူးမြို့မှာ ဆူပူအုံကြွမှုဖြစ်အောင် လုပ်ဆောင်မှုကြောင့် ၁၉၉၀ ပြည့်နှစ်မှာ ထောင်လေးနှစ်ကျခဲ့ပါတယ်။ ထောင်က လွတ်ပြီး ၁၉၉၅ ခုနှစ်ခန့်မှာ တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားပြီး မြန်မာနိုင်ငံကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့ထဲကို ဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။

ကြိုတင်ရှင်းလင်းနိုင်

သိန်းဝင်းဟာ (ABSDF) အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေစဉ် ၁၉၉၈ ခုနှစ်မှာ ပြည်ပြေးစိန်ဝင်း၊ မိုးသီးဇွန်တို့ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ (People's Power 21st Century=PP-21)လို့ခေါ်တဲ့ (၂၁)ရာစု ပြည်သူ့စွမ်းအားအဖွဲ့ထဲကို ဝင်ရောက်ပြီး ဖောက်ခွဲရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်၊ PP-21အဖွဲ့ဟာ ၁၉၉၉ ခုနှစ်အတွင်း ပြည်တွင်းမှာ နေရာအနှံ့ ဆူပူအုံကြွမှုဖြစ်ပေါ်လာစေဖို့ နိုင်ငံကြီးတစ်နိုင်ငံရှိ P.D.Burmaဆိုတဲ့ အဖွဲ့ရဲ့ ထောက်ပံ့ငွေနဲ့ ဖွဲ့စည်းခဲ့တဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။ ဖောက်ခွဲရေးတာဝန်ခံ သိန်းဝင်းဟာ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၄ရက် လွတ်လပ်ရေးနေ့မှာ ပျော်ပွဲရွှင်ပွဲများနဲ့ လူစည်ကားနေတဲ့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအနီးမှာ ဗုံးဖောက်ခွဲဖို့ စိုးသီဟ(ခ) သူရကျော်ဇင် ဦးဆောင်တဲ့ ရဲကျော်စွာ၊ နိုင်နိုင်၊ မင်းမင်း(ခ)ကျော်ကျော်တို့ လေးဦးပါတဲ့အဖွဲ့ကို တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။ အဲ့ဒီအဖွဲ့က မဟာဗန္ဓုလပန်းခြံအနီး ချိန်ကိုက်ဗုံးတစ်လုံး ချထားခဲ့သော်လည်း လုံခြုံရေးအဖွဲ့များက ကြိုတင်တွေ့ရှိ ရှင်းလင်းနိုင်ခဲ့လို့ အပြစ်မဲ့တဲ့ပြည်သူများ သေကျေဒဏ်ရာရခြင်းဆိုတဲ့ အဖြစ်ဆိုးကြီးက လွတ်မြောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဖောက်ခွဲဖို့ ကြိုးပမ်းခဲ့တဲ့ စိုးသီဟနဲ့ အဖွဲ့ကတော့ လုံခြုံရေးအဖွဲ့တွေ ဖမ်းဆီးခြင်းကနေ လက်မတင်ကလေး လွတ်မြောက်သွား

စာမျက်နှာ ၄ ကော်လံ ၁ သို့

မဟုတ်မမှန်၊ လုပ်ကြံဖန်တီး

FTUB ဟာ မြန်မာနိုင်ငံအတွင်းမှ လယ်သမား၊ အလုပ်သမားများနှင့် အခြားသောရနိုင်သမျှ သတင်းများကို စုဆောင်း၍ မဟုတ်မမှန်၊ လုပ်ကြံဖန်တီး ချဲ့ကားထားကာ ILO နဲ့ အနောက်အုပ်စုနိုင်ငံများရှိ အလုပ်သမားအဖွဲ့တို့ထံပေးပို့ပြီး ထောက်ပံ့ငွေရရှိရေး ဆောင်ရွက်ခဲ့။

❒ စာမျက်နှာ ၃ မှ

ခဲ့ပါတယ်၊ အဲဒီအဖွဲ့ဟာ အဲဒီနှစ်ဧပြီလအတွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ဖို့ ဒုတိယအကြိမ် ပြည်တွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ရာမှာ ဧပြီလ ၁ ရက်နေ့မှာ စိုးသူရ (ခ) သူရကျော်ဇင်ကို ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပါတယ်။

ဖမ်းဆီးရမိတရားခံကို စစ်ဆေးဖော်ထုတ်ချက်အရ PP-21 အဖွဲ့ဝင်များဖြစ်တဲ့ အောင်လှိုင်ဝင်း(ခ) အောင်သီဟ(ခ)တာတီး၊နိုင်လင်းအောင် (ခ) ထွန်းထွန်း (ခ) စောထွန်းဦးတို့ကို ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ၁၀-၄-၂၀၀၀ရက်နေ့တွင် မြဝတီမြို့ နှင့် ကျုံဒိုးမြို့မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီလို ဖမ်းဆီးမိခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ၁၆-၄-၂၀၀၀ရက်နေ့ထုတ် သတင်းစာများမှာ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဖမ်းဆီးရမိခဲ့တဲ့ ဖောက်ခွဲဖျက်ဆီးရေး တရားခံ သုံးဦးစလုံးကို ကြိုးကိုင်စေလွှတ်ခဲ့သူဟာ သိန်းဝင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါတယ်။

NDDလို့ အတိုကောက် ခေါ်တဲ့ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု(Network for Democracy and Development) အဖွဲ့အကြောင်းကို ဖော်ပြရမယ်ဆိုရင်လည်း ဒီအဖွဲ့ဟာ တစ်ဖက်နိုင်ငံ ချင်းမိုင်မှာ ၂၀၀၃ခုနှစ်အတွင်းက ဉက္ကဋ္ဌ ဦးကျော်ကျော်၊ ဒါရိုက်တာအဖွဲ့ ဉက္ကဋ္ဌ ဒေါက်တာနိုင်အောင်တို့နဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှ မဟုတ်မမှန် လုပ်ကြံပုံကြီးချဲ့ထားတဲ့ သတင်းတွေကို ရယူဖြန့်ချိပြီး ပြည်တွင်းရေးမတည်မငြိမ်ဖြစ်အောင်နဲ့ လူထုအုံကြွမှုဖြစ်ပေါ်စေရန် ဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြသထားသော ဝေလင်းထံမှ သိမ်းဆည်းရမိသည့် ဂြိုဟ်တုဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဝင်းမြင့်၏သားဖြစ်သူ ဇင်ဘိုဝင်းက အပ်ပေးသောလှမြင့်သန်း၏ဂြိုဟ်တုဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ဝင်းမြင့်ထံမှ ဖမ်းဆီးရမိသည့် ဂြိုဟ်တုဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ချောင်ကြိုချောင်ကြားက မရေရာတဲ့သတင်း အစအနကိုယူပြီး မမှန်ကန်တဲ့သတင်းတွေကို ရသမျှငွေချူယူ သံတော်ဦးတင်နေကြ

မြှုပ်နှံထားရှိ

အဲဒီ NDDရဲ့ ပြည်တွင်းသတင်းကွန်ရက်တာဝန်ခံသိန်းဝင်းဟာ ပဲခူးသားဖြစ်တဲ့အတွက် ပြည်တွင်းသတင်းများကို ရယူပေးပို့ရန်အတွက် ပဲခူးသားတွေဖြစ်တဲ့ ဝေလင်း၊ သန်းဦး(ခ)ကိုရဲ၊ မြင့်လွင်နဲ့ ဝင်းမြင့်တို့ကို လိုအပ်တဲ့ သတင်းရယူနည်းသင်တန်း၊ UG သင်တန်းတွေပေးပြီး ငွေကြေးထောက်ပံ့မှုတွေနဲ့ နိုင်ငံတကာကို ဆက်သွယ်လို့ရတဲ့ တရားမဝင် ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးပြီး ပဲခူးမြို့မှာ မြေပေါ်အမာခံအဖြစ် ၂၀၀၃ ခုနှစ် တစ်ဝိုက်လောက်ကစပြီး မြှုပ်နှံထားရှိခဲ့ပါတယ်။

ဝေလင်း၊ သန်းဦး(ခ)ကိုရဲ၊ မြင့်လွင်နဲ့ ဝင်းမြင့်တို့ကလည်း ချောင်ကြိုချောင်ကြားက မရေရာတဲ့ သတင်းအစအနကိုယူပြီး လုပ်ကြံချဲ့ကားထားတဲ့ မမှန်ကန်တဲ့သတင်းတွေကို အဲဒီဂြိုဟ်တုဖုန်းတွေသုံးပြီး သူတို့ရဲ့ ဝမ်းရေးအဆင်ပြေအောင် ရသမျှငွေကိုချူယူပြီး သံတော်ဦး တင်နေကြရခြင်းပဲဖြစ်ပါတယ်။ ဒါတင်မက BBCနဲ့ တွေ့ဆုံမေးမြန်းခန်းများပြုလုပ်ပြီး ပုံကြီးချဲ့ဖန်တီးလုပ်ဆောင်ထားတဲ့ သတင်းတွေကို အကြိမ်ကြိမ်ပေးပို့ခဲ့ရကြောင်း ကာယကံရှင်တွေကိုယ်တိုင်က ဝန်ခံထွက်ဆိုထားပါတယ်၊ မိမိလုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ သိန်းဝင်းက ဝေလင်းထံပေးပို့ထားတဲ့ ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းတစ်လုံးနဲ့ ဆက်စပ်ပစ္စည်းများကိုဥင်း၏ ညီမဖြစ်သူ ခင်မျိုးနွဲ့မှ နေအိမ်အနောက်ဘက်ရေတွင်းအတွင်းပစ်ချသိုဝှက်ထားခဲ့ရာမှ ၂၈-၆-၂၀၀၅ ရက်နေ့တွင် ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်၊ ဆက်လက်ပြီး ဝေလင်း၏ ထွက်ဆိုချက်အရ အလားတူ ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတစ်လုံးကို ရွှေနေလှမြင့်(ခ) လှမြင့်သန်းထံတွင် ရှိနေသေးကြောင်း သိရှိရ၍ ၄-၇-၂၀၀၅ ရက်နေ့တွင် လှမြင့်သန်းအား ဖမ်းဆီးစစ်ဆေးခဲ့ပါတယ်။ လှမြင့်သန်းရဲ့ ထွက်ဆိုချက်အရ ၎င်းထံသို့ မဲဆောက်ရှိ မြင့်သိန်းပေးပို့ထားတဲ့ ဂြိုဟ်တုဆက်သွယ်ရေး ဖုန်းတစ်လုံးကို"မြကန်သာ" လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဝင်းမြင့်ထံမှာ အပ်ထားကြောင်းနဲ့ ဝင်းမြင့်ထံမှာလည်း ကိုရဲ(ခ) သန်းဦးမှတစ်ဆင့် NDD သိန်းဝင်းပေးပို့ထားတဲ့ ဂြိုဟ်တုဆက်သွယ်ရေး ဖုန်းတစ်လုံးရှိနေကြောင်း ပေါ်ပေါက်ခဲ့တဲ့အတွက် ၄-၇-၂၀၀၅ ရက်နေ့မှာ ဝင်းမြင့်၏ ယောက္ခမ ဒေါ်သောင်း၏ နေအိမ်မှလည်းကောင်း၊ ၆-၇-၂၀၀၅ ရက်နေ့တွင် အဆိုပါ ဒေါ်သောင်း၏ ခြံဝင်းအတွင်းနေအိမ်ခေါင်းရင်းမြေကြီးထဲတွင် မြှုပ်နှံထားရာမှလည်းကောင်း ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

အဲဒီသိမ်းဆည်းရမိတဲ့ ဂြိုဟ်တုဖုန်းသုံးလုံးနဲ့ဆက်သွယ်မှုတွေကို စိစစ်ကြည့်တဲ့အခါ ဝေလင်းကိုင်ဆောင်တဲ့ ဖုန်းအမှတ်-၂၀၀၈၁၈၂ ကနေ မဲဆောက်မြို့ရှိ NDDသိန်းဝင်းကိုင်ဆောင်တဲ့ ဖုန်း-၀၉၅-၆၆၉၂၀၈ ကို ခြောက်ကြိမ် ဆက်သွယ်ထားကြောင်း၊ ဝင်းမြင့်ကိုင်ဆောင်တဲ့ ဖုန်း-၂၀၀၅၉၂၄ ကနေ မဲဆောက်ရှိ သိန်းဝင်းကိုင်ထားတဲ့ ဖုန်းအမှတ်ကို ခြောက်ကြိမ်ဆက်သွယ်ထားကြောင်းနဲ့ လှမြင့်သန်းကိုင်ဆောင်ခဲ့တဲ့ဖုန်းကနေ မဲဆောက်ကို အပြန်အလှန် ရှစ်ကြိမ် ဆက်သွယ်ထားကြောင်း၊ အဲဒီဂြိုဟ်တုဖုန်းတွေရဲ့ Memoryတွေထဲကနေ ထုတ်ယူသိရှိရပါတယ်။ အဲဒီဂြိုဟ်တုတယ်လီဖုန်းတွေရဲ့ ဆက်သွယ်မှုဇယားများကို သတင်းစာဆရာကြီးများလေ့လာနိုင်ရန် ဘုတ်မှာ ကပ်ထားပါတယ်။

FTUB မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေနှင့် NDD သိန်းဝင်းတို့၏ ငွေကြေးမက်လုံးပေးမှုနှင့် အမာခံအဖြစ် မွေးမြူလေ့ကျင့်မှုကို ခံယူကာ ပြည်တွင်းမငြိမ်မသက်ဖြစ်ရေးနှင့် လူထုအုံကြွမှုဖြစ်ပေါ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ အမာခံယူဂျီများ။ (သတင်းစဉ်)

[illegible] (၃၁)နှစ် (ဘ) ဦး[illegible]


ဝင်းမြင့် (၅၀) နှစ် (ဘ) ဦး[illegible]

ဝေလင်း (၄၃)နှစ် (ဘ) ဦး[illegible]

မြင့်လွင် (၃၃)နှစ် (ဘ) ဦး[illegible]

ရဲမြင့် (၅၀)နှစ် (ဘ) ဦးသင်းဝေ


[illegible]

[illegible] (၃၃)နှစ် (ဘ) ဦး[illegible]


ဒေါ်ချင်ကြည် (၄၄)နှစ် (ဘ) ဦး[illegible]

[illegible] (၄၀)နှစ် (ဘ) ဦး[illegible]


လှမြင့်သန်း (၆၀)နှစ် (ဘ) ဦး[illegible]

ယူဂျီများဖြန့်ကြက်ထား

NDD သိန်းဝင်းဟာ ၎င်းရဲ့ ပြည်တွင်းအမာခံများဆီက ဂြိုဟ်တုဖုန်းမှတစ်ဆင့် ရတဲ့သတင်းတွေကို ILO, FTUB စတဲ့ အဖွဲ့တွေထံ ပေးပို့ပြီး ထောက်ပံ့ငွေများ ရယူခဲ့ကြောင်း တွေ့ရပါတယ်။ နောက်ပိုင်းမှာ သိန်းဝင်းဟာ FTUB က မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေရဲ့ အဆက်အသွယ် အထောက်အပံ့ကို အဓိကထား ရယူပြီး အဖျက်အမှောင့်လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်ခဲ့ပါတယ်။ ပြည်တွင်းအမာခံများကို တိုးချဲ့စည်းရုံးပြီး တစ်ဦးကို ငွေကြေးပမာဏ သိန်းဂဏန်းနဲ့ချီပြီး ထောက်ပံ့လာနိုင်တဲ့အတွက် ပြည်တွင်းမှာ အမာခံယူဂျီအင်အား အများအပြားဖြန့်ကြက်ထားနိုင်ပြီးဖြစ်ကြောင်းသိရပြီး ဘယ်သူဘယ်ဝါတွေဆိုတာကို ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖော်ထုတ်သိရှိထားခဲ့ပြီး ဖြစ်ပါတယ်။

ပြည်တွင်းမှာ အမာခံသတင်းပေးတွေ ဖြန့်ကြက်ထားနိုင်ဖို့အတွက် NDD သိန်းဝင်းကို ရှေ့တန်းတင်ပြီး ငွေကြေးအထောက်အပံ့တွေ ဒလဟောပေးကမ်းစွန့်ကြဲပြီး ကြိုးကိုင်ပေးခဲ့တဲ့ NCUB နဲ့ FTUB နှစ်ဖွဲ့လုံးရဲ့ အထွေထွေ အတွင်းရေးမှူး ဖြစ်တဲ့ မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေရဲ့ ဒီဖြစ်စဉ်မှာပါဝင်ပတ်သက်နေတဲ့အခန်းကဏ္ဍကိုလည်း ရှင်းလင်းပြောကြားလိုပါတယ်။ မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေဟာပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၆(၁) အရအရေးယူအမှုဖွင့်ခံထားရတဲ့ တရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံကို ထွက်ပြေးရောက်ရှိချိန်မှစ၍

စာမျက်နှာ ၅ ကော်လံ ၁ သို့ ⇨

ILO က မြန်မာနိုင်ငံအပေါ် စွပ်စွဲချက် ဖြစ်ရပ်မှန်၊ အမှန်တရားနဲ့ကင်းကွာ

➪ စာမျက်နှာ ၄ မှ

ဒုညတ သန်းလွင် နှင့်ပေါင်းပြီး အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သူဖြစ်ကြောင်း၊ နောက်ပိုင်းမှာ နိုင်ငံခေါင်းဆောင်များကို လုပ်ကြံဖို့၊ ရန်ကုန်မြို့မှာရှိတဲ့ နိုင်ငံခြား သံရုံးများနဲ့ အချက်အချာကျတဲ့နေရာတွေကို ဖောက်ခွဲဖျက်ဆီးဖို့အထိ ကြံစည်လုပ်ဆောင်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်မှာ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေ ပြည်တွင်းသို့ သယ်ဆောင်စဉ် မိမိလုံခြုံရေးအဖွဲ့များက အချိန်မီဖမ်းဆီးနိုင်ခဲ့တဲ့ ဖြစ်စဉ်မှာ ဦးဆောင်ကြိုးကိုင်သူအဖြစ် ဖော်ထုတ်ရရှိခဲ့တဲ့အတွက် တရားခံပြေး ကြေညာခံထားရသူဖြစ်ကြောင်း ယခင်ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ အဆင့်ဆင့်မှာ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

စောစောက ကျွန်တော်ရှင်းပြပြီးဖြစ်တဲ့ ပဲခူးမြို့ကို အခြေခံဖွဲ့စည်းထားတဲ့ မြေပေါ်အမာခံယူဂျီတွေကို ဖော်ထုတ်ဖမ်းဆီးခဲ့တဲ့ဖြစ်စဉ်မှာ အကြမ်းဖက်သမား တရားခံပြေး မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေဟာ မဲဆောက်မြို့မှာရှိတဲ့ "ဖွန်တစ်"ဟိုတယ် စတုတ္ထထပ်မှာ အခန်းတစ်ခန်းငှားရမ်းထားပြီး ငှားထားတဲ့အခန်းမှာ နိုင်ငံတော်အစိုးရရဲ့ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတွေ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက မဖြစ်မနေ ဆောင်ရွက်ပေးခဲ့တဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဆည်မြောင်း၊ တာတမံတွေရဲ့ မြေပုံကိန်းဂဏန်းစာရင်းဇယားများကို နံရံမှာ ချိတ်ဆွဲထားပြီး အဲဒီ စီမံကိန်းစက်ရုံ၊ အလုပ်ရုံ၊ ဆည်မြောင်း တာတမံများ ပျက်စီးစေမယ့် အကြမ်းဖက်ဖျက်ဆီးရေး အစီအမံတွေကို ရေးဆွဲဆောင်ရွက်နေကြောင်း ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရရှိခဲ့သူများဖြစ်ကြတဲ့ ပဲခူးမြို့နေ ဝေလင်း၊ မြင့်လွင်၊ ရွှေပေါက်ကံနေ သိန်းလွင်ဦးနဲ့ ဘဏ်ဝန်ထမ်း အေးသီခိုင်တို့ရဲ့ ထွက်ဆိုချက်များအရ ဖော်ထုတ်သိရှိရပါတယ်။

မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေရဲ့ လုပ်ရပ်နဲ့ပတ်သက်လို့ ၂-၇-၂၀၀၅ရက်နေ့က ပဲခူးမှာ ဖမ်းဆီးရမိထားတဲ့ မြေပေါ်အမာခံ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ ရန်ကုန်–မန္တလေး ကားလမ်း၊ အမှတ် (၇၃၄)နေ ဦးမြင့်လွင်ရဲ့ ထွက်ဆိုချက်မှာ သူဟာ ရွှေပေါက်ကံမြို့သစ်နေ သိန်းလွင်ဦးရဲ့ စည်းရုံးခေါ်ဆောင်မှုအရ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလမှာ သားဖြစ်သူ စက်မှု (၁) ဝန်ထမ်းဟောင်း အောင်မြင့်သိန်း၊ ချွေးမဖြစ်သူ မအေးချမ်း၊ သားရေစက်ရုံ အမှတ်(၁)မှ ဝန်ထမ်း ရဲမြင့်၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၂)မှ ငွေကိုင်အဆင့် (၄) အေးသီခိုင်၊ ဇရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ရွှေဖလားကျေးရွာနေ ဒေါ်ရင်ကြည်၊ ကျိုက်လတ်မြို့နေ တင်တင်ဆွေနဲ့ မောင်ဖြစ်သူ ကျော်သန်းနိုင် အပါအဝင် ရှစ်ဦးတို့ဟာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မဲဆောက်မြို့မှာရှိတဲ့ NDD သိန်းဝင်းထံ သွားရောက်ခဲ့ကြကြောင်း၊ မဲဆောက်ကို ရောက်ပြီး နှစ်ရက်ခန့်ကြာသည့်အခါ သူတို့အားလုံးကို ဖွန်တစ်ဟိုတယ်ကို ခေါ်ဆောင်သွားပြီး ဟိုတယ်ရဲ့ စတုတ္ထထပ် အခန်းတစ်ခန်းမှာ မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေ၊ ပုသိမ်အမတ်ဟောင်း ဟုဆိုတဲ့ ဦးအောင်မိုး၊ အမည်မသိ အနောက်နိုင်ငံသားတစ်ဦး၊ အမည်မသိပေါင်ပြတ်နေတဲ့ ပိုလန်နိုင်ငံသားတစ်ဦးတို့နဲ့ တွေ့ဆုံမိတ်ဆက်ပေးခဲ့ကြောင်း၊ အဲဒီဟိုတယ် အခန်းနံရံမှာ ကျွန်တော်အထက်က ရှင်းပြခဲ့တဲ့ နိုင်ငံတော်စီမံကိန်းများရဲ့ မြေပုံကိန်းဂဏန်းဇယားတွေကို ရေးဆွဲထားပြီး အဖျက်အမှောင့်လုပ်မယ့် အစီအစဉ်တွေကို မျက်မြင်တွေ့ရှိ ကြားသိခဲ့ရကြောင်း၊ အဆိုပါအဖွဲ့က ၎င်းတို့ကို ကမ္ဘာ့အလုပ်သမားပဋိပက္ခ၊ အလုပ်ရှင်အလုပ်သမားကိစ္စနှင့် လူထုစည်းရုံးရေး သင်တန်းများကိုလည်း ဟိုတယ်မှာသုံးရက်ထားပြီး သင်ကြားပို့ချခဲ့ကြောင်း ထွက်ဆိုချက်အရ သိရှိရပါတယ်၊ အခြားသူများကလည်း အလားတူထွက်ဆိုမှုများပေးခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

ငွေကြေးထောက်ပံ့မှု

ငွေကြေးထောက်ပံ့မှု အပိုင်းနဲ့ပတ်သက်ပြီး မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေနဲ့ သိန်းဝင်းတို့ဟာ ပြည်တွင်းသတင်းများစုစည်းပေးပို့ရန် သင်ကြားပို့ချပြီးနောက်မှာ ဦးမြင့်လွင်ကို ငွေကျပ် ၅၀၀၀၀ ပေးပြီး ရန်ကုန်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ မဲဆောက်မှ ရန်ကုန်သို့ ပြန်လာပြီး နောက်ရက်တွင် ၎င်းတို့မဲဆောက်သို့ သွားရောက်ခဲ့သည့်ကိစ္စကို သက်ဆိုင်ရာမှ သတင်းရရှိသွားတဲ့အတွက် မဲဆောက်သို့ ၆–၁–၂၀၀၄ ရက်နေ့မှာ ဒုတိယအကြိမ် သွားရောက်ခဲ့ပြီး သိန်းဝင်းအိမ်၌ ၁၅ ရက်ခန့် နေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် သိန်းဝင်းထံမှ ထောက်ပံ့ငွေကျပ် တစ်သိန်းခွဲ လက်ခံရယူပြီးပြန်လာခဲ့ကြောင်း၊ မဲဆောက်မှ ပြန်လာပြီးနောက် သိန်းဝင်းက ၎င်းထံသို့ထောက်ပံ့ငွေ ငါးသောင်းကျပ် တစ်ကြိမ်၊ လေးသောင်းကျပ် တစ်ကြိမ်တို့ကို ၎င်း၏ အမာခံ ဝေလင်းမှတစ်ဆင့် ထပ်မံပေးပို့ခဲ့ကြောင်း အစစ်ခံထွက်ဆိုခဲ့ပါတယ်။ အလားတူပဲ မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေနဲ့ သိန်းဝင်းတို့ဟာ ပြည်တွင်းမှ အမာခံရှစ်ဦးကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မဲဆောက်သို့ခေါ်ပြီး လူထုအုံကြွမှုဖြစ်စေရန် ဆောင်ရွက်နည်း သင်တန်းများ ပို့ချခဲ့ပြီး၊ အဲဒီလူတွေအပြန်မှာ ထောက်ပံ့ငွေများအဖြစ် မြင့်လွင်ကို ငွေကျပ်ငါးသောင်း၊ အောင်မြင့်သိန်းနဲ့ ရဲမြင့်ကိုတစ်ဦးလျှင် ကျပ်နှစ်သိန်း၊ ဝန်ထမ်းနှစ်ဦးဖြစ်တဲ့ အေးသီခိုင်နဲ့ ဒေါ်ရင်ကြည်ကို တစ်ယောက်လျှင် ငွေကျပ်လေးသိန်း၊ မအေးချမ်းကို ငွေကျပ်နှစ်သိန်း ထောက်ပံ့ပေးခဲ့ကြောင်းကိုလည်း ကာယကံရှင်အသီးသီးက ဝန်ခံထွက်ဆို ထားကြပါတယ်။ FTUB က မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေနဲ့ NDD သိန်းဝင်းတို့ရဲ့ အဖျက်အမှောင့် လုပ်ရပ်နဲ့ အကြံအစည်တွေအကြောင်း ခရေစေ့တွင်းကျ ထွက်ဆိုထားတဲ့ ၎င်းတို့ အမာခံတွေရဲ့ ထွက်ဆိုချက်တွေကို သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ဖို့ ဘုတ်မှာကပ်ပေးထားပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြသထားသော ၂၅–၁၂–၁၉၉၆ ရက်နေ့က ကမ္ဘာအေးကုန်းမြေ စွယ်တော်မြတ်ပူဇော်ပွဲအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

(သတင်းစဉ်)

FTUB မှ ပြည်သစ်ညွှန့်ဝေတို့နဲ့ မဲဆောက်ကို သွားရောက်တွေ့ဆုံခဲ့တဲ့ ရှစ်ဦးအနက် တင်တင်ဆွေနဲ့ သူ့ရဲ့ မောင်ဖြစ်သူ ကျော်သန်းနိုင်တို့နှစ်ဦးက လွဲပြီး ကျန်ခြောက်ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီဖမ်းဆီးရမိသူတွေရဲ့ ထွက်ချက်အရ ပဲခူးမြို့၊ မဇင်းကုန်ထုတ်သမဝါယမအသင်းက လုပ်ငန်းကြပ် ဝေလင်း (ခ)အောင်အောင်၊ ပဲခူးမြို့ ကဝင်းမြင့်၊ လှမြင့်သန်း၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်က သိန်းလွင်ဦး (ခ)သန်းညွှန့်တို့ လေးဦးကိုလည်း ထပ်မံဖမ်းဆီးရမိခဲ့တဲ့အတွက် တရားခံစုစုပေါင်း ၁၀ဦးကို ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ ဖော်ထုတ်ဖမ်းဆီးရမိထားသူ၎င်းတို့ရဲ့ အမာခံ ယူဂျီတွေနဲ့ FTUB မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေ၊ NDD သိန်းဝင်းတို့ မည်သို့မည်ပုံ ဆက်သွယ်ဆောင်ရွက်ခဲ့ကြပုံတွေကိုလည်း သတင်းစာဆရာကြီးများ ဆက်စပ်လေ့လာနိုင်ဖို့ ဘုတ်မှာကပ်ပေးထားပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

FTUB မှ မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေဟာ NDD သိန်းဝင်းကို ကြိုးကိုင်စေခိုင်းပြီး ILOနဲ့အပေါင်းပါအဖွဲ့တွေရဲ့ အကြိုက်ဖြစ်စေမယ့် မြန်မာနိုင်ငံအတွင်းမှ မဟုတ်မမှန် လုပ်ကြံသတင်းများ ရယူပေးပို့ပြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြသထားသော ရန်ကုန်မြို့ပေါ် နေရာသုံးနေရာ၌ မေ ၇ ရက်က ဗုံးဖောက်ခွဲမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။ (သတင်းစဉ်)



အကြမ်းဖက်မှုကို လက်ရဲဇက်ရဲပြုလုပ်နေတဲ့ VBSW ခေါ် အဖွဲ့ဟာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေနဲ့ အစဉ်တစိုက်ယှဉ်ပါးနေတဲ့ အဖွဲ့ဖြစ်

✧ စာမျက်နှာ ၅ မှ

တိုင်ကြားနေတာဖြစ်လို့ ILO က မြန်မာနိုင်ငံအပေါ် ရှုမြင်သုံးသပ် အခမ့စွပ်စွဲချက်တွေဟာ ဖြစ်ရပ်မှန်များ၊ အမှန်တရားများနဲ့ ကင်းကွာနေတဲ့ တစ်ဖက်သတ် မမှန်မကန် ဖိအားပေးခြင်းသာဖြစ်တယ်ဆိုတာကိုလည်း သတင်းစာ ဆရာကြီးများအားလုံး ဆက်စပ်ဖော်ထုတ် တွေ့ရှိနိုင်မှာဖြစ်ပါတယ်၊ FTUB မောင်မောင်နဲ့ NDD သိန်းဝင်းတို့ဟာ အဲဒီလို သတင်းမှားများ ရယူပေးပို့ပြီး နိုင်ငံတကာကို လိမ်လည်နေတဲ့အပြင် နိုင်ငံတော် မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ် ထိခိုက်ပျက်စီးအောင် အကြမ်းဖက်လုပ်ရပ်များကိုလည်း ပူးပေါင်းလုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

တစ်ဖက်ကလည်း NDD သိန်းဝင်းဟာ ABSDFလက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့နှင့် PP-21 အဖွဲ့ရဲ့ အဖွဲ့ဝင်ဖြစ်ခဲ့တဲ့အပြင် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ပြီးသူဖြစ်ကြောင်း သိရှိရပါတယ်၊ မိမိလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးရမိထားသူ အမာခံ ဝေလင်းရဲ့ ၂၈-၆-၂၀၀၅ ရက်နေ့ ထွက်ဆိုချက်အရ NDD သိန်းဝင်းဟာ ABSDF အပါအဝင် သောင်းကျန်းသူ အဖွဲ့အစည်းမျိုးစုံနဲ့ ဆက်သွယ်မှုရယူပြီး ဖောက်ခွဲဖျက်ဆီးရေးမှာ အသုံးပြုမယ့် မိုင်းဗုံးများကို သူနေထိုင်တဲ့ မဲဆောက်မြို့နေအိမ်ရဲ့ အောက်ထပ် မြေကြီးထဲမှာ မြှုပ်ပြီး သိုဝှက်ထားကြောင်း၊ နောင်ကြုံကြိုက်ရင်ပြမှာ ဖြစ်ကြောင်း ပြောပြခဲ့တယ်လို့ ထွက်ဆိုခဲ့ပါတယ်။ ဒါ့အပြင် ၂၆-၆-၂၀၀၄ ရက်နေ့ ရန်ကုန်ဘူတာကြီးအနီး ဗုံးထောင်ဖောက်ခွဲခဲ့ရာမှာ လိုအပ်တဲ့ဖောက်ခွဲယမ်းနဲ့ ဗုံးတွေကိုပြုလုပ်တပ်ဆင်ပေးခဲ့တဲ့ အကြမ်းဖက်ဖောက်ခွဲရေးသမား တင်မိုးဆိုသူဟာ NDD သိန်းဝင်းရဲ့ လက်သပ်မွေးလူယုံတပည့်တစ်ဦးဖြစ်ပြီး လက်ရှိလည်း မဲဆောက်ရှိ သိန်းဝင်းအိမ်မှာ နေထိုင်လျက်ရှိကြောင်း ထွက်ဆိုခဲ့ပါတယ်၊ ဒါ့အပြင် ဖောက်ခွဲရေးသမား တင်မိုးကိုယ်တိုင်ပြခဲ့တဲ့ သူရဲ့လက်ဆွဲအိတ်အတွင်းက ဖောက်ခွဲဖျက်ဆီးရေးနှင့် ဆိုင်သည့် ဆက်စပ်ပစ္စည်းများကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊ ၄-၄-၂၀၀၃ ရက်နေ့က ရန်ကုန်မြို့မှာရှိတဲ့ အနောက်နိုင်ငံသံရုံးတစ်ခုရှေ့မှာ ဆန္ဒပြပြီး သံရုံးအတွင်း ပြေးဝင်သွားခဲ့ရာမှ ထွက်ပြေးလွတ်မြောက်သွားသူ တစ်ဦးဖြစ်တဲ့ နိုင်လင်းကိုလည်း NDDသိန်းဝင်းရဲ့ အစောင့်အရှောက် အကာအကွယ် အထောက်အပံ့နဲ့ သိန်းဝင်းအိမ်မှာပဲ နေထိုင်နေသည်ကို တွေ့ခဲ့ရကြောင်း ထွက်ဆိုခဲ့တဲ့အတွက် NDDသိန်းဝင်းဟာ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို လက်ဝယ်ထားရှိသူ၊ အကြမ်းဖက်အဖျက်သမားများကို လေ့ကျင့်မွေးမြူထားသူ၊ တရားဥပဒေကိုချိုးဖောက်ပြီး နိုင်ငံကိုစွန့်ခွာ ထွက်ပြေးလာတဲ့ ပြည်ပြေးများရဲ့ အားထားမှီခိုရာ တစ်ဦးလည်းဖြစ်နေတယ်ဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

တစ်ဆက်တည်းမှာပဲ ဒီလိုဖော်ထုတ်တွေ့ရှိရမှုတွေနဲ့ ဆက်စပ်ကြည့်ရင် NDDသိန်းဝင်းနဲ့ ၎င်းရဲ့ဆရာဖြစ်သူ FTUBနဲ့ NCUBအထွေထွေအတွင်းရေးမှူး မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေတို့ဟာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့တဲ့ အဖျက်အမှောင့်နဲ့ အကြမ်းဖက်လုပ်ငန်းတွေကို ကြိုးကိုင်စီစဉ်ဆောင်ရွက် နေသူတွေဖြစ်တယ်ဆိုတာ အလွန်ပဲ သိသာထင်ရှားနေပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

NCGUB, NCUB နဲ့ FTUB အဖွဲ့နာမည်တွေနဲ့ နိုင်ငံတကာမှာ လှုတွင်ကျယ်လုပ်နေတဲ့ ပြည်ပြေးစိန်ဝင်းနဲ့ တရားခံပြေး မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေတို့ဟာ မြန်မာနိုင်ငံအတွင်းမှ မဟုတ်မမှန်လုပ်ကြံ သတင်းများရယူပြီး နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် လုပ်ဆောင်နေတာတွေ၊ ပြည်တွင်းမှာ မငြိမ်မသက်မှုတွေ၊ လူထုအုံကြွမှုတွေဖြစ်ပေါ်အောင် လုပ်ဆောင်နေတာတွေ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များဖြင့် အပြစ်မဲ့ပြည်သူတွေ သေကျေထိခိုက်ပျက်စီးဆုံးရှုံးအောင်အမာခံ အဖျက်အမှောင့်သမားတွေကို မက်လုံးပေး မွေးမြူလုပ်ဆောင်နေတာတွေဟာ အခုမှလုပ်ဆောင်နေတာမဟုတ်ဘူး ဆိုတာ သတင်းစာဆရာကြီးများ အသိဆုံးဖြစ်ပါတယ်။

နောက်ကြောင်း ဖြစ်ရပ်များကို အနည်းငယ် ပြန်ပြောင်းဖော်ပြရရင် FTUB မှ မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေဟာ ၁၉၉၅ ခုနှစ်ကတည်းက မျိုးအောင်သန့်ဆိုသူနဲ့ အပေါင်းအပါတွေကို နိုင်ငံတော်ဆန့်ကျင်ရေးလုပ်ငန်းများ၊ အဖျက်အမှောင့်လုပ်ငန်းများမှာ ပူးပေါင်းကြံစည်လုပ်ဆောင်ဖို့ သွေးဆောင်စည်းရုံးခဲ့ပြီး ဝါရှင်တန်ဒီစီမှာ ရောက်ရှိ အခြေပြုနေတဲ့ NCGUB ပြည်ပြေးစိန်ဝင်းနှင့် ဆက်သွယ်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း၊ အနောက်အုပ်စုနိုင်ငံကြီးတစ်နိုင်ငံရှိ NCGUB မှ Sat-phone တစ်စုံကို မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေမှတစ်ဆင့် ရန်ကုန်မြို့ရှိ မျိုးအောင်သန့်ထံ ပေးပို့ခဲ့ကြောင်း၊ အဲ့ဒီ Sat-phone အဆက်အသွယ်ပြုပြီး မျိုးအောင်သန့်နှင့်အဖွဲ့က မဟုတ်မမှန် လုပ်ကြံသတင်းများကို ပေးပို့ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပဲ မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေ က ၃-၅-၁၉၉၇ရက်နေ့မှာ Sat-phone မှ တစ်ဆင့် မျိုးအောင်သန့်ဆီဆက်သွယ်ပြီး ဖောက်ခွဲရေးနဲ့ အဖျက်လုပ်ငန်းများလုပ်ဖို့ ပစ်မှတ်ရွေးရန်၊ ပစ်မှတ်များရွေးပြီးပါက ရနောင်းသို့လာတွေ့ရန် ညွှန်ကြားခဲ့ကြောင်း၊ ရနောင်းမှာ မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေက မျိုးအောင်သန့်ကို နိုင်ငံခေါင်းဆောင်များအား လုပ်ကြံရန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများအား ပစ်မှတ်ထားပြီး ဖောက်ခွဲဖျက်ဆီးရန်၊ ရန်ကုန်မြို့တွင်းရှိ ဓာတ်အားလိုင်းများ၊ တယ်လီဖုန်းလိုင်းများကို ဖောက်ခွဲဖျက်ဆီးပြီး ဆက်သွယ်ရေး ပြတ်တောက်အောင်လုပ်ရန် အစီအစဉ်များချမှတ်ပေးခဲ့ကြောင်း၊ လက်တွေ့ဆောင်ရွက်ရမယ့် မျိုးအောင်သန့်ကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းကို သင်ကြားပေးပြီး ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းတွေကို ပေးအပ်ခဲ့ကြောင်း၊ အဲဒီဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေကို လျှပ်စစ်ထမင်းပေါင်းအိုး အောက်ခြေတွင်ထည့်ပြီး ကော့သောင်းမှတစ်ဆင့် ရန်ကုန်သို့ သယ်ဆောင်ရန်စီစဉ်ခဲ့ရာမှာ

NCGUB နှင့် FTUB တို့၏ ပြည်တွင်းဆူပူမှု ပေါ်ပေါက်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးအစီအမံတို့ကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု ဖြစ်စဉ်များ

မျိုးအောင်သန့်

ခင်ကျော်



မိမိလုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီဖော်ထုတ် ဖမ်းဆီးရမိခဲ့တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူလူထု ထိခိုက်ဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ်နိုင်ခဲ့တဲ့အကြောင်းတွေကို ၂၇-၆-၁၉၉၇ရက်နေ့က ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်တာမို့ သတင်းစာဆရာကြီးများ ပြန်လည်အမှတ်ရမိကြမှာဖြစ်ပါတယ်။ အဲ့ဒီဖြစ်စဉ်အရ ဖမ်းဆီးရမိသူတွေ၊ သိမ်းဆည်းရမိတဲ့ Sat-phone နဲ့ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်း မှတ်တမ်းဓာတ်ပုံတွေကို ထပ်မံကြည့်ရှုလေ့လာနိုင်ဖို့လည်း ဘုတ်မှာ ကပ်ထားပေးပါတယ်။

ဆက်လက်ကြံစည်

NCGUB ပြည်ပြေး စိန်ဝင်းနဲ့ FTUB, NCUB မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေတို့ဟာ ၁၉၉၇ခုနှစ်မှာ ၎င်းတို့ နှစ်ကိုယ့်တစ်စိတ် ပူးပေါင်းလုပ်ကြံခဲ့တဲ့ အစီအစဉ်တွေ မအောင်မြင်ခဲ့တာကို လက်မလျှော့ဘဲ နောက်ပိုင်းတစ်လျှောက်လုံးမှာ ဆက်လက်ကြံစည် လုပ်ဆောင်ခဲ့တာဖြစ်လို့ အခုလို ၎င်းတို့ရဲ့အဖျက်အမှောင့် အမာခံယူဂျီ ၁၀ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ် ထပ်မံပေါ်ပေါက်လာတာပဲဖြစ်ကြောင်း ပထမပိုင်းအနေနဲ့ တင်ပြလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

ယခုဆက်လက်ပြီး ဖော်ပြပါဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ ကွင်းဆက်ပမာဆက်စပ်နေတဲ့ ရန်ကုန်မြို့ဗုံးဖောက်ခွဲမှုများမှာ ပါဝင်ကျူးလွန်ပတ်သက်နေသူ အကြမ်းဖက်အဖျက်သမားများနဲ့ စပ်လျဉ်းပြီး စုံစမ်းဖော်ထုတ်ရရှိချက်များကို ဒုတိယပိုင်းအနေဖြင့် ဆက်လက်ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ပြီးခဲ့တဲ့ မေလ ၇ရက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်မှာ ရှိတဲ့ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန၊ စမ်းချောင်းမြို့နယ်မှာရှိတဲ့ ဒဂုံစင်တာနဲ့ မရမ်းကုန်းမြို့နယ်ရှိတဲ့ Junction-8 တို့မှာ အကြမ်းဖက် အဖျက်သမားများရဲ့ ရက်ရက်စက်စက် ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ရဟန်းရှင်လူပြည်သူ ၁၁ဦး သေဆုံးပြီး ၁၆၂ဦး ဒဏ်ရာရရှိခဲ့ရတဲ့ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဆိုးကြီး ကြုံခဲ့ရပါတယ်။ နောက်ဆုံးစာရင်းအရ ဒဏ်ရာရသူများအနက် ၁၂ဦး ထပ်မံသေဆုံးခဲ့တဲ့အတွက် ၂၇-၈-၂၀၀၅ ရက်နေ့အထိ သေဆုံးသူ ၂၃ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများအနက်မှ နှစ်ဦးသာ ဆေးရုံမှာ ဆက်လက် ကုသမှုခံယူနေရဆဲဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်များဟာ အဲ့ဒီလို လူမဆန်စွာ ရက်ရက်စက်စက်အကြမ်းဖက် ဗုံးဖောက်ခွဲခဲ့တဲ့ တရားခံတွေကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရရှိရေးဆောင်ရွက်ခဲ့ရာမှာ ဒီလိုအဖျက်အမှောင့်နဲ့ အကြမ်းဖက်လုပ်ငန်းတွေကို မြိန်ရေရှက်ရေ ဆောင်ရွက်တတ်တဲ့ NCGUB, FTUB အဖွဲ့တွေကို ကျောထောက်နောက်ခံပြုပြီး ဒီလုပ်ငန်းမှာ ကျွမ်းကျင်လိမ္မာ ပျော်မွေ့နေတဲ့ မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေကပဲ ဦးစီးဦးဆောင်လုပ်ပြီး နိုင်ငံကြီးတစ်နိုင်ငံရဲ့ ငွေကြေးထောက်ပံ့မှုတွေနဲ့ ရန်ကုန်မြို့နေရာ သုံးနေရာမှာ မေ (၇)ရက်နေ့ ဗုံးဖောက်ခွဲမှုကို ကြိုးကိုင်စီစဉ်ခဲ့တယ်လို့ ဖော်ထုတ်သိရှိရပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ပသတင်းပေးတစ်ဦးရဲ့ အဆိုအရ FTUB မှ မောင်မောင်ဟာ အနောက်နိုင်ငံ အဖွဲ့အစည်းတစ်ခုရဲ့ ငွေကြေးထောက်ပံ့မှုတွေကို ရယူပြီး မြို့တော်ရန်ကုန်မှာ မေလ (၇)ရက်နေ့ ဗုံးဖောက်ခွဲမှုဖြစ်စဉ်ကို ကြိုးကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နောင်ကိုလည်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ အပါအဝင် အစိုးရဆန့်ကျင်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း၊ ငွေကြေး အထောက်အပံ့များနှင့် ပတ်သက်ပြီး လတ်တလော ကြံဖန်နေတဲ့ အကွက်ဆန်းမှာ UNOCAL ကုမ္ပဏီမှရရှိလာတဲ့ လျော်ကြေးငွေကိစ္စဖြစ်ကြောင်း၊ ယင်းကုမ္ပဏီအား ရေနံပိုက်လိုင်းများ ဖောက်လုပ်ရာတွင် Force Labour အသုံးပြုတယ်လို့စွပ်စွဲပြီး NGO အဖွဲ့နှစ်ဖွဲ့က တရားစွဲဆိုခဲ့ကြောင်း၊ ပထမတစ်ဖွဲ့မှာ FTUB မှ မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေ ဦးဆောင်သောအဖွဲ့ဖြစ်ပြီး ရှေ့နေ Mr. Terry Coffings Worth ဆိုသူ ပါဝင်ကူညီနေတဲ့ International Labours Rights ဆိုတဲ့ NGO အဖွဲ့တစ်ဖွဲ့နဲ့ ကရင်အမျိုးသား ဘလက်ဆေးဆိုသူ ဇနီးမောင်နှံ ဦးဆောင်တဲ့ Earth Rights International ဆိုတဲ့ NGO အဖွဲ့နှစ်ဖွဲ့ဖြစ်ကြောင်း၊ ထိုနှစ်ဖွဲ့ပေါင်း၍ ကုမ္ပဏီမှလျော်ကြေး အမေရိကန် ဒေါ်လာသန်း ၂၀၀ တောင်းဆိုခဲ့ရာ နောက်ဆုံးတွင် ကုမ္ပဏီက လျော်ကြေးအဖြစ် အမေရိကန်ဒေါ်လာသန်း ၆၀ပေးအပ်ရန် သဘောတူညီခဲ့ကြောင်း၊ သို့ဖြစ်၍ FTUB အဖွဲ့နဲ့ ကရင်အမျိုးသား ဘလက်ဆေးအဖွဲ့တို့က တစ်ဖွဲ့လျှင် ဒေါ်လာသန်း ၃၀စီရမှာ ဖြစ်ကြောင်း၊ အဲဒီငွေတွေနဲ့ FTUB က မောင်မောင်ဟာ နိုင်ငံတော်အစိုးရဆန့်ကျင်ရေး လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်လိုသော်လည်း ကရင်အမျိုးသားအဖွဲ့နှင့် ညှိနှိုင်း၍ မရသည့်အတွက် သူ့အတွက် ဝေစုငွေကို ထုတ်ယူလို့မရဖြစ်နေကြောင်း၊ အဲဒီငွေတွေထုတ်ယူရရှိဖို့ နိုင်ငံကြီးတစ်နိုင်ငံရဲ့ ထောက်ခံမှုနဲ့ နည်းမျိုးစုံသုံးကာ ကြိုးပမ်းလျက်ရှိကြောင်းကို ကျွန်တော်တို့ ပြည်ပအထောက်တော်များထံမှ သတင်းများရရှိထားပါတယ်။ ရန်ကုန်မြို့တော် နေရာသုံးနေရာမှာ ဗုံးဖောက်ခွဲမှု ဖြစ်ပေါ်စေရန်အတွက် မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေဟာ ပြည်ပနိုင်ငံတွေမှ နည်းမျိုးစုံနဲ့ ရရှိထားတဲ့ အထောက်အပံ့ ငွေကြေးများနဲ့ NCGUB မှ ပြည်ပြေးစိန်ဝင်းတို့ရဲ့ လျှို့ဝှက်အစီအမံများဖြင့် ဆက်စပ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောက်ရှိနေတဲ့ စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များ (Vigorous Burmese Student Worriers- VBSW) အဖွဲ့မှ အဖွဲ့ဝင်ကိုးဦးကို စိတ်ကြိုက်ရွေးချယ်ပြီး ၎င်းတို့ရဲ့ ပြည်တွင်းအမာခံများနဲ့ ချိတ်ဆက်ကာ ပြည်တွင်းသို့ စေလွှတ်ခဲ့ပြီး ဖောက်ခွဲခဲ့တာဖြစ်ပါတယ်။ အဲ့ဒီလို ဖောက်ခွဲခဲ့ရာမှာ ABSDF အဖွဲ့ဝင်တချို့၊ NDD အဖွဲ့မှ အဖွဲ့ဝင်တချို့နဲ့ ပေါင်းစပ်ပြီး ပြည်တွင်းကို ကြိုတင်စိမ့်ဝင် ဝင်ရောက်ခဲ့ပြီး ပြည်တွင်းမှာရှိတဲ့ အမာခံ UG များနဲ့ ပူးပေါင်းကြံစည်ခဲ့ကြတာ ဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်က ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် NCGUB ပြည်ပြေးစိန်ဝင်းနှင့် FTUB မောင်မောင် (ခ)ပြည်သစ်ညွှန့်ဝေတို့က ကြိုးကိုင်စေခိုင်းခဲ့သူ မျိုးအောင်သန့်၊ ခင်ကျော်တို့ကို ၎င်းတို့အား ထုတ်ပေးထားသည့် ဖမ်းဆီးရမိ Sat-phone၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဖောက်ခွဲရေးသမားများဖြစ်

သာဓကေအားဖြင့် ထုတ်နုတ်ပြသရမယ်ဆိုရင် ရန်ကုန်မြို့ သုံးနေရာမှာ ဖြစ်ပွားခဲ့တဲ့ ဗုံးဖောက်ခွဲမှုများအနက် ထိုင်းနိုင်ငံ ကုန်စည်ပြပွဲ ကျင်းပရာ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

ရန်ကုန်မြို့တော် နေရာသုံးနေရာမှာ ဗုံးဖောက်ခွဲမှု ဖြစ်ပေါ်စေရန်အတွက် မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေဟာ ပြည်ပနိုင်ငံတွေမှ နည်းမျိုးစုံနဲ့ရရှိထားတဲ့ အထောက်အပံ့ ငွေကြေးများနဲ့ NCGUB မှပြည်ပြေးစိန်ဝင်းတို့ရဲ့ လျှို့ဝှက် အစီအမံများဖြင့် ဆက်စပ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောက်ရှိနေတဲ့ စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များ (Vigorous Burmese Student Worriers- VBSW) အဖွဲ့မှ အဖွဲ့ဝင်ကိုးဦးကို စိတ်ကြိုက်ရွေးချယ်ပြီး ၎င်းတို့ရဲ့ ပြည်တွင်း အမာခံများနဲ့ ချိတ်ဆက်ကာ ပြည်တွင်းသို့စေလွှတ်ခဲ့ပြီး ဖောက်ခွဲခဲ့တာဖြစ်။

မြတ်စွယ်တော်ပွား ပျောက်ဆုံးမှုသိလျှင်သိချင်း အချိန်တိုအတွင်း ပြန်လည်ရရှိရန်ကြိုးပမ်းခဲ့ ပြစ်မှုကျူးလွန်ပြီး ခြောက်ရက်မပြည့်ခင် တရားခံရော ပစ္စည်းအားလုံးသိမ်းဆည်းနိုင်

✡ စာမျက်နှာ ၆ မှ

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန တတိယထပ်ရှိ ကုန်စည်ပြပွဲ ဖျော်ဖြေရေးစင်မြင့် တစ်ဝိုက်မှာ ဗုံးမပေါက်ကွဲခင် မိနစ်ပိုင်းအလိုအထိ ရိုက်ကူးထားတဲ့ ဗီဒီယိုမှတ်တမ်းအခွေကို ဖော်ထုတ်ရရှိခဲ့လို့ စစ်ဆေးကြည့်ရှုရာမှာ ဖြေဖျော်ရေးစင်မြင့်တစ်ဝိုက်မှာ ABSDFအဖွဲ့ဝင်ဖြစ်တဲ့ ဇော်ဝင်းလွင်၊ ကိုပေါက်နဲ့ အခြားစိစစ်ဆဲ ABSDF အဖွဲ့ဝင်နှစ်ဦး၊ NDD အဖွဲ့မှ အောင်မင်းတို့ ကြိုတင်ရောက်ရှိထားကြောင်း စိစစ်တွေ့ရှိပါတယ်။ အဲ့ဒီလူတွေဟာ AB-SDF နဲ့ NDD အကြမ်းဖက်အဖျက်သမားအဖွဲ့တွေမှ အဖွဲ့ဝင်တွေဖြစ်ကြောင်းကို ABSDF အဖွဲ့ဝင်ဟောင်းတွေ၊ NDD အဖွဲ့ဝင်ဟောင်းတွေနဲ့ ၎င်းတို့နဲ့ အဆက်အဆံရှိသူတွေအားလုံးက အခိုင်အမာ အတည်ပြုပေးခဲ့ကြပါတယ်။ ဒါ့အပြင် ကျွန်တော်တို့လုံခြုံရေးတပ်ဖွဲ့ရဲ့ သတင်းမှတ်တမ်းများအရလည်း အဆိုပါ မှတ်တမ်းတင်ဗီဒီယိုအခွေမှာပါဝင်နေသူ အကြမ်းဖက်သမားတွေဟာ တစ်ဖက်နိုင်ငံ နယ်စပ်ဒေသမှာ အကြမ်းဖက်ဖောက်ခွဲမှုသင်တန်းများ တက်ရောက်ခဲ့ပြီးဖြစ်ကြတဲ့ ဖောက်ခွဲရေးသမားများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဗီဒီယိုမှတ်တမ်းအခွေမှာပါဝင်နေတဲ့ABSDF နဲ့ NDD အကြမ်းဖက် အဖျက်သမားအဖွဲ့ဝင်တွေရဲ့ မှတ်တမ်းပုံတွေကို သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ဖို့ ဘုတ်မှာ တင်ပြထားပါတယ်။

အကြမ်းဖက်မှုကို လက်ရဲဇက်ရဲ ပြုလုပ်နေတဲ့ VBSW ခေါ်တဲ့ စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ဟာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေနဲ့ အစဉ်တစိုက် ယှဉ်ပါးနေတဲ့ အဖွဲ့ဖြစ်ပါတယ်။ မဝေးသေးတဲ့ နောက်ကြောင်းဖြစ်ရပ်တွေကို ပြန်ကြည့်မယ်ဆိုရင် ၂၀-၁၂-၂၀၀၄ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနီးမှာရှိတဲ့ဇော်ဂျီဟောက်စ်စားသောက်ဆိုင်မှာ ဗုံးပေါက်ကွဲတဲ့ဖြစ်စဉ်ဟာ သူတို့အဖွဲ့ရဲ့ လက်ချက်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီနောက် ၁၇-၃-၂၀၀၅ ရက်နေ့က တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူ အဝေးပြေးကားဂိတ်ဝင်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်နဲ့ ၁၃-၅-၂၀၀၅ ရက်နေ့က ပန်းဆိုးတန်းမှာရှိတဲ့ Panorama ဟိုတယ်ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အခင်းဖြစ်ရာမှာ တွေ့ရတဲ့ အထောက် အထားသဲလွန်စနဲ့ ဖမ်းဆီးရမိစစ်ကြောရရှိချက်တွေအရ စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ရဲ့လက်ချက်ဆိုတာ ကျွန်တော်တို့ အခိုင်အမာ ဖော်ထုတ်သိရှိပြီးဖြစ်သလို သူတို့အဖွဲ့ကိုယ်တိုင်ကလည်း ၂၃-၅-၂၀၀၅ ရက်နေ့က ထုတ်လွှင့်ခဲ့တဲ့ ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)ရဲ့အင်တာနက်ဝက်ဘ်ဆိုက်မှာ သူတို့အဖွဲ့ရဲ့ လက်ချက်ဖြစ်ကြောင်း ဝန်ခံခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် သူတို့ရဲ့လုပ်ရပ်ဟာ အမျိုးသားညီလာခံကြီးကို ချက်ချင်းရပ်ဆိုင်းပစ်ဖို့နဲ့ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ထပ်မံဖောက်ခွဲဦးမည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး မကြာခင်မှာပဲ ဒီဖောက်ခွဲမှုဖြစ်ရပ်တွေ ဖြစ်ပွားခဲ့တာဖြစ်လို့ တရားခံဘယ်သူလဲဆိုတာ သတင်းစာဆရာကြီးများ ခန့်မှန်းသိရှိပြီး ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ကျွန်တော် အထက်ပါ စုစည်းတင်ပြခဲ့တဲ့ ရန်ကုန်မြို့တော် ဗုံးပေါက်ကွဲတဲ့ ဖြစ်စဉ်ဖြစ်ရပ်များမှာ ဖမ်းဆီးရမိထားတဲ့ တရားခံများရဲ့ ထွက်ဆိုချက်၊ ပြည်တွင်း၊ ပြည်ပသတင်းပေးများရဲ့ အတည်ပြုရယူချက်များနဲ့ အကြမ်းဖက်သမားများကိုယ်တိုင် အချို့ကိစ္စတွေမှာ ဝန်ခံထုတ်ဖော် ပြောကြားချက်များကြောင့် ရန်ကုန်မြို့တော် ဗုံးပေါက်ကွဲခဲ့တဲ့ ဖြစ်စဉ်များဟာ NCGUB နဲ့ FTUB မှ မောင်မောင် (ခ) ပြည်သစ်ညွန့်ဝေတို့ရဲ့ ငွေကြေးအထောက်အပံ့ကြိုးကိုင်ဆောင်ရွက်မှုတွေနဲ့ စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့က လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး AB-SDF အကြမ်းဖက်ဖောက်ခွဲရေးသမားတွေနဲ့ NDD က ကြေးစားအကြမ်းဖက်သမားအချို့က ပြည်တွင်းကို ကြိုတင် စိမ့်ဝင်ထိုးဖောက်ပိုင်းရုံ၍ ဆောင်ရွက်သွားခဲ့ခြင်း ဖြစ်ကြောင်း အခိုင်အမာ အချက်အလက်များအရ ဖော်ထုတ်ရရှိပြီးဖြစ်ပါတယ်။

အခိုင်အမာသတင်းပေး

ထပ်မံရရှိထားတဲ့ သတင်းတွေအရလည်း ရန်ကုန်မြို့ နေရာသုံးခုမှာ ဗုံးပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ၁၀ရက်ခန့်အကြာ တစ်ဖက်နိုင်ငံ နယ်စပ်မှာအခြေစိုက်ထားတဲ့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့တစ်ဖွဲ့ဟာ သူတို့အဖွဲ့ရဲ့ရုံးမှာ အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပြီး ဒုဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တွေက ရန်ကုန်မြို့ ဗုံးဖောက်ခွဲမှုကို ဦးစီးဦးဆောင်ပြုခဲ့တဲ့ စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့မှ အနောက်နိုင်ငံကြီးတစ်နိုင်ငံကို ပြန်လည်ရောက်ရှိသွားပြီဖြစ်တဲ့ တပ်ဖွဲ့ဝင် သုံးဦးထံကိုလည်း ဒီဖြစ်စဉ်ဟာ လူထုကိုသာ ဦးတည် တိုက်ခိုက်သွားသလိုဖြစ်တဲ့အတွက် အကြမ်းဖက်လုပ်ရပ်သာဖြစ်ကြောင်း ပြစ်တင်ရှုတ်ချလိုက်တဲ့ E-Mail တစ်စောင်ပို့ဆောင်ခဲ့ကြောင်းကို အဲဒီအစည်းအဝေးကို ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ ၎င်းတို့ရဲ့ အဖွဲ့ဝင်တစ်ဦးကလည်း ကျွန်တော်တို့ကို အခိုင်အမာ သတင်းပေးပြောကြားခဲ့ပါတယ်။

ရန်ကုန်မြို့တော် ဖောက်ခွဲမှုဖြစ်စဉ်များနဲ့ပတ်သက်လို့ အခိုင်အမာဖော်ထုတ်ရရှိပြီးဖြစ်သော်လည်း လုပ်ဆောင်နေဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအချို့ ကျန်ရှိနေသေးသည့်အတွက် လုံခြုံရေးသဘောတရားအရ အမည်နာမနှင့်တကွ အသေးစိတ်ကို ထုတ်ဖော်ပြောဆိုရန် အခွင့်သာသည့်အချိန်ကျမှ ထုတ်ဖော်ပြောဆိုသွားမည်ဖြစ်ပါကြောင်းကိုလည်း အသိပေးတင်ပြလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ကျွန်တော် ရှင်းလင်းတင်ပြပြီးဖြစ်တဲ့ အကြောင်းချင်းရာများကို ဆက်စပ်ကြည့်မယ်ဆိုရင် NCGUB/FTUB နဲ့ ABSDF အဖွဲ့တွေဟာ အပြစ်မဲ့ပြည်သူတွေကို သေကျေထိခိုက် ဒဏ်ရာရအောင်လုပ်ဆောင်နေတဲ့ အကြမ်းဖက် အဖွဲ့အစည်းများဖြစ်ကြောင်းနဲ့ နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေကောင်းတွေကို ဖျက်လိုဖျက်ဆီးပြုနိုင်ဖို့အတွက် အဖျက်အမှောင့်လုပ်ငန်းများ၊ လူထုအုံကြွမှုလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ဖြစ်တယ်ဆိုတာ သိသာထင်ရှားလျက်ရှိပါကြောင်း ရှင်းလင်း ပြောကြားအပ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ကျွန်တော်အနေနဲ့ ဆက်လက်၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေပေါ်ရှိ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ မြတ်စွယ်တော်ပွား ပျောက်ဆုံးမှုနှင့် စုံစမ်းပေါ်ပေါက်ချက်များကို အကျဉ်းချုံးပြီးတင်ပြသွားမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများ သိရှိပြီးဖြစ်တဲ့အတိုင်း ၂၀၀၅ခုနှစ်၊ ဩဂုတ်လ ၁၄ရက်နေ့ နံနက် ၄နာရီခွဲ မှာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်ပေါ်မှာရှိတဲ့ စွယ်တော်မြတ်စေတီက မြတ်စွယ်တော်ပွား အပါအဝင် ရွှေကြာကလပ်နှင့် ရွှေကျောင်းဆောင်ငယ်တို့ ပျောက်ဆုံးမှုဖြစ်ခဲ့ပါတယ်။

ဘာသိဘာသာနေတတ်တဲ့ တချို့သောပုဂ္ဂိုလ်များကြောင့် လုံခြုံရေး တာဝန်ရှိသူများအနေနဲ့ မဖြစ်ခင် ကြိုတင်တားဆီးရတဲ့ အပိုင်းမှာ အနည်းငယ်လစ်ဟာမှု ရှိသော်လည်းပဲ အခုလို တာဝန်သိပြည်သူအချို့ ရဲ့ သတင်းပေးမှုကြောင့် ပြစ်မှုကျူးလွန်ပြီး ငါးရက်ကျော်ကျော် ခြောက်ရက် မပြည့်ခင်အတွင်းမှာ ပြစ်မှုကျူးလွန်တဲ့ တရားခံရော၊ ပျောက်ဆုံးသွားတဲ့ မြတ်စွယ်တော်ပွား အပါအဝင် ရွှေထည်ပစ္စည်း အားလုံးကို တစ်ခုမကျန် ပြန်လည်သိမ်းဆည်းရနိုင်ခဲ့။

ဖြစ်ပွားပုံကတော့ ၂၀၀၅ခုနှစ်၊ ဩဂုတ် ၁၄ရက်နေ့ နံနက်၄နာရီခွဲ မှာ ဘုရားရင်ပြင် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ ဦးတင်ညွှန့် (၅၆)နှစ်ဟာ ဘုရားရင်ပြင်တော်ပေါ်ကို လှည့်လည်စစ်ဆေးနေစဉ် စေတီတော်အနောက်မြောက်ဘက် သတ္တာဒေဝမနုဿာနံ (ဂုဏ်တော်အမှတ် ၇) မုခ်ဦးလှေကားထိပ်မှာ ကြွပ်ကြွပ်အိတ် အနီရောင်တစ်လုံးကိုင်ပြီးတော့ မသင်္ကာဖွယ်လူတစ်ဦး ရပ်နေတာတွေ့ရပါတယ်၊ လုံခြုံရေးဝန်ထမ်း ဦးတင်ညွှန့်ဟာ အဲဒီလူကို ဆင်းခဲ့ဖို့အော်ခေါ်ပြီး တစ်ချိန်တည်းမှာ အခြားလုံခြုံရေးကင်းအဖွဲ့တွေကိုလည်း လှမ်းပြီးအော်ခေါ်လိုက်တဲ့အခါ အဲဒီလူဟာ ရင်ပြင်တော်ပေါ်ကို ခုန်ချပြီးတော့ ဘုရားရင်ပြင်ကနေ လှေကားအတိုင်း ဆင်းပြေးပါတယ်၊ အဲဒီကတစ်ဆင့် စေတီတော်ပတ်တဲ့ ကားလမ်းကို ဖြတ်ပြီးတော့ အုတ်တံတိုင်းကို ခုန်ကျော်ပြီး အနောက်မြောက်ဘက် တောအုပ်လမ်းအတိုင်း လူနေရပ်ကွက်တွေထဲကို ပြေးဝင်လွတ်မြောက်သွားပါတယ်။ ဦးတင်ညွှန့်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ထက်ကြပ်လိုက်လံဖမ်းဆီးသော်လည်း နံနက်စောစော အလင်းရောင်ကန့်သတ်ချက်နဲ့ တောအုပ်အတွင်း ဖြစ်နေတာကြောင့် တရားခံကို ချက်ချင်းဖမ်းဆီးရမိခြင်း မရှိခဲ့ဘဲ လွတ်မြောက်ထွက်ပြေးသွားခဲ့ပါတယ်၊ အဲဒီနောက် စေတီတော်အတွင်း စစ်ဆေးကြည့်တဲ့အခါ ဂန္ဓာကုဋိတိုက်အတွင်းထားရှိတဲ့ မြတ်စွယ်တော်ပွား အပါအဝင် စွယ်တော်ပွားတင်ထားတဲ့ ရွှေသားကြာကလပ်၊ စွယ်တော်ပွားကိန်းဝပ်တဲ့ ရွှေကျောင်းဆောင်တို့ပါ ပျောက်ဆုံးနေကြောင်း သိရှိခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

မြတ်စွယ်တော်ပွား ပျောက်ဆုံးမှုကို သိလျှင်သိချင်းပဲ လုံခြုံရေးနဲ့ သက်ဆိုင်နေတဲ့ တပ်ဖွဲ့ဝင်အားလုံးဟာ အချိန်တိုအတွင်း ပြန်လည်ရရှိအောင် ဘက်စုံထောင့်စုံက နေ့မအား၊ ညမနား ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါတယ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ဌာနချုပ်မှာ ကွပ်ကဲမှုဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြေပြင်မှာ လက်တွေ့ကွင်းဆင်းဆောင်ရွက်နေတဲ့ အဖွဲ့များနဲ့ နေ့ည ၂၄ နာရီပတ်လုံး ဆက်သွယ်မှုယူခြင်း၊ သတင်းဖလှယ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူးကိုယ်တိုင်ဦးစီးတဲ့ အထူးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဖြစ်စဉ်ကို အနီးကပ်ကြီးကြပ်စေခဲ့ပါတယ်၊ တိုင်းနှင့်ပြည်နယ်အနှံ့ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များပါမကျန် အလေးထားရှာဖွေခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်၊ ပြည်သူကို အသိပေးခြင်းအပိုင်းမှာလည်း ကနဦးအဆင့် တိုက်ရိုက်ပတ်သက် ဆက်နွှယ်လာနိုင်ဖွယ်ရှိတဲ့ ရွှေဆိုင်များ၊ ရွှေကျိုသူများ အားလုံးကို အသိပေးအကြောင်းကြားခြင်း၊ ထူးခြားမှုရှိက သတင်းပေးပို့စေခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

စိတ်ရှည်လက်ရှည်ဖော်ထုတ်ခဲ့

အခင်းဖြစ်အရပ်မှာ ကျန်ခဲ့တဲ့ အထောက်အထား မှန်သမျှကိုလည်း အမှိုက်တစ်စကအထိ သက်သေခံအထောက်အထားများရယူပြီး မှုခင်းတပ်ဖွဲ့က မှုခင်းဆိုင်ရာ ကျွမ်းကျင်သူများက စိတ်ရှည်လက်ရှည် ဖော်ထုတ်ခဲ့ကြပါတယ်။ တစ်နည်းဆိုရရင် မှုခင်းပိုင်းဆိုင်ရာ ရဲလုပ်ငန်းစနစ်ကို အကုန်အစင်ပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့ကြပါတယ်၊ ကျွန်တော်တို့ ရရှိသမျှသော အထောက်ထားတွေဖြစ်တဲ့ လက်ဗွေရာအချို့၊ ခြေရာအချို့၊ တရားခံ အသုံးပြုတယ်လို့ ယူဆရတဲ့ 3029 ကြိုးနဲ့၊ သံဖြတ်လွှငယ်တစ်ချောင်း၊ တရားခံထွက်လမ်းတစ်လျှောက် ကျကျန်ခဲ့တဲ့ ငွေစက္ကူအချို့နဲ့ လွှနဲ့ဖြတ်ခံထားရတဲ့ သော့ငယ်တစ်လုံး၊ ရော်ဘာဖိနပ်တစ်ရန်၊ ရေနဲ့ အရက်ရောထားပုံရတဲ့ အရည်တစ်ဝက်ခန့်ပါတဲ့ ရေသန့်ဘူးတစ်ဘူးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး တရားခံ သူခိုးဟာ ကျွမ်းကျင်ပိုင်နိုင်မှုရှိရှိနဲ့ ဆောင်ရွက်သွားတာ တွေ့ရပါတယ်။

မြတ်စွယ်တော်ပွား ပျောက်ဆုံးမှုနှင့် ပတ်သက်၍ တိုင်းနှင့် ပြည်နယ်အနှံ့ သတင်းရယူဆောင်ရွက်နေချိန်မှာ ၁၈-၈-၂၀၀၅ ရက်နေ့ နံနက် ၉ နာရီခွဲ အချိန်တွင် မန္တလေးတိုင်း၊ လယ်ဝေးမြို့မှာရှိတဲ့ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက လယ်ဝေးရဲစခန်းသို့ မသင်္ကာစရာ ရွှေရောင်းသူတစ်ဦး ရောက်ရှိလာကြောင်း လာရောက်တိုင်ကြားရာက စလို့ ရွှေရည်ကျိုပေးတဲ့ ပျဉ်းမနားက ရွှေကျိုသမား၊ လိုက်ပါပို့ဆောင်ပေးတဲ့ ပျဉ်းမနားက ဆိုက်ကားသမားနဲ့ ရွှေတုံးတွေကို ဝယ်ယူထားတဲ့ ပျဉ်းမနားက ရွှေဆိုင်ပိုင်ရှင်တို့ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်၊ ဖော်ထုတ်ချက်အရ တောင်ငူမြို့ ရွှေဆိုင်မှာ ငွေကျပ် ၄၆ သိန်းဖိုး ရွှေရောင်းချသွားကြောင်း သိရှိရလို့ အဲဒီဆိုင်ကနေ ရွှေအချို့ကို ပြန်လည် သိမ်းဆည်းရမိခဲ့ပါတယ်။

ဆက်စပ် ဖော်ထုတ်ချက်အရ တောင်ငူ၊ မန္တလေး၊ လယ်ဝေးမြို့နယ်များမှ အမှုနဲ့သက်ဆိုင်တဲ့ မြတ်စွယ်တော်ပွားအပါအဝင် သက်သေခံပစ္စည်းအားလုံးကို ပြန်လည်သိမ်းဆည်းရမိခဲ့ပါတယ်။

၂၀-၈-၂၀၀၅ ရက်နေ့ နံနက် ၁ နာရီ ၁၅ မိနစ်မှာ တရားခံပြေး သန်းဝင်းနိုင်ဟာ မန္တလေးတက္ကသိုလ် အနီးမှာရှိတဲ့ မိဘနှင့် ဆွေမျိုးများ နေထိုင်ရာအိမ်ကို လျှို့ဝှက်ဝင်ရောက်လာစဉ် ကြိုတင်တပ်ဖျောက် စောင့်ဆိုင်းနေတဲ့ မှုခင်းရဲတပ်ဖွဲ့နဲ့ မန္တလေးမြို့

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေပေါ်ရှိ ဗုဒ္ဓစွယ်တော် မြတ် စေတီတော်မှ မြတ်စွယ်တော် ပွားကို ခိုးယူခဲ့သည့် တရားခံ သန်းဝင်းနိုင်အား တွေ့ရစဉ်။
(သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဖမ်းဆီးရမိတဲ့ တရားခံ သန်းဝင်းနိုင်ဟာ အသက် (၂၅)နှစ်၊ မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ စခန်းမရွာဇာတိဖြစ်ပြီး၊ (ဘ)ဦးညွှန့်ဟန်၊ (မိ) ဒေါ်အေးမေတို့က မွေးဖွားခဲ့တဲ့ မွေးချင်းခြောက်ယောက်အနက် ဒုတိယသား ဖြစ်ပါတယ်၊ ငယ်စဉ်က ကျောင်းပညာကို သင်ကြားခဲ့ရဖူးခြင်းမရှိဘဲ တောင်သူလုပ်ငန်း၊ ထန်းတက်လုပ်ငန်း၊ ကြုံရာကျပန်းလုပ်ငန်းများနဲ့ အသက်မွေးမြူနေထိုင်ခဲ့ပြီး သမီးတစ်ဦးရဲ့ ဖခင်လည်း ဖြစ်ပါတယ်။

တရားခံအနေနဲ့ ရန်ကုန်မြို့ကို ဝင်ရောက်လာခဲ့တဲ့ နောက်ဆုံးခရီးစဉ်မှာ ၂၀၀၅ ခုနှစ် ဇွန်လနောက်ဆုံးပတ်က ဇာတိစခန်းမရွာကနေ အလုပ်အကိုင်ရှာဖွေဖို့ ရန်ကုန်ရောက်ခဲ့ရာက နေစပြီး သူနေထိုင်ခဲ့တဲ့ မရမ်းကုန်း နဝဒေးလမ်းသွယ် (၃) အမှတ် (၂၈၃) နေအိမ်မှာ ၁၅ရက်ခန့်၊ မရမ်းကုန်းကိုးမိုင်မှာရှိတဲ့ အုတ်၊ သဲ၊ ကျောက် လုပ်ငန်းဆောင်ရွက်တဲ့အိမ်မှာ တစ်လခန့်နေထိုင်ခဲ့ပြီး ၁၂-၈-၂၀၀၅ ရက်နေ့ကမှ အဲဒီအိမ်ကနေ ထွက်ခွာလာပြီး အခုလို စွယ်တော်မြတ်စေတီတော်ရဲ့ ဝင်လမ်း၊ ထွက်လမ်း အခြေအနေတွေကို အသေးစိတ် လေ့လာကြည့်ရှုပြီး ပြစ်မှုကို တစ်ကိုယ်တော်ကျူးလွန်ခဲ့တာဖြစ်ပါတယ်။

စည်းကမ်းလိုက်နာမှုမရှိ

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလိုတာက ရန်ကုန်မြို့တော် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး နောက်ပိုင်းကစလို့ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက်နယ်မြေအလိုက် လူစိမ်းဧည့်သည်များ ရောက်ရှိလာရင် ဧည့်စာရင်းတိုင်ကြားပေးကြဖို့ အသိပညာပေးတဲ့စနစ်၊ ရှင်းလင်းဟောပြောတဲ့စနစ်၊ သက်ဆိုင်ရာ အောက်ခြေအဆင့်အရောက် တာဝန်ရှိ အဖွဲ့အစည်းအသီးသီးနဲ့ သက်ဆိုင်ရာ ရပ်ကွက်၊ လမ်းအလိုက် ကြပ်မတ်စစ်ဆေးရမယ့် ဝိုင်းကြီးချုပ်စနစ်ကို ဆောင်ရွက်ခဲ့ပေမယ့် စည်းကမ်းလိုက်နာမှုမရှိတဲ့ လူအချို့ကြောင့် အခြေအနေမဲ့တစ်ဦး ကိုယ့်အိမ်မှာ လနဲ့ချီပြီးလာနေတာကို သက်ဆိုင်ရာသို့ အကြောင်းမကြားခဲ့ခြင်းဟာ လုံခြုံရေးလစ်ဟာမှုရဲ့အစလို့ အကြမ်းဖျင်းသုံးသပ်ရမှာ ဖြစ်ပါတယ်။

တစ်ဖက်က ဘာသိဘာသာနေတတ်တဲ့ တချို့သော ပုဂ္ဂိုလ်များကြောင့် လုံခြုံရေး တာဝန်ရှိသူများအနေနဲ့ မဖြစ်ခင် ကြိုတင်တားဆီးရတဲ့အပိုင်းမှာ အနည်းငယ်လစ်ဟာမှု ရှိသော်လည်းပဲ အခုလို တာဝန်သိပြည်သူအချို့ရဲ့ သတင်းပေးမှုကြောင့် ပြစ်မှုကျူးလွန်ပြီး ငါးရက်ကျော်ကျော် ခြောက်ရက်မပြည့်ခင်အတွင်းမှာ ပြစ်မှုကျူးလွန်တဲ့ တရားခံရော၊ ပျောက်ဆုံးသွားတဲ့ မြတ်စွယ်တော်ပွား အပါအဝင် ရွှေထည်ပစ္စည်းအားလုံးကို တစ်ခု မကျန် ပြန်လည်သိမ်းဆည်းရနိုင်ခဲ့ခြင်း ဖြစ်တယ်လို့ သုံးသပ်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

(သတင်းစဉ်)

မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေ တစ်ဖက်နိုင်ငံမြို့တော်မှာ သတင်းစာရှင်းလင်းပွဲပြုလုပ်ရန်စီစဉ်
UNOCAL ရေနံကုမ္ပဏီနဲ့ပတ်သက်ပြီး မဟုတ်မမှန်လုပ်ကြံ ဇာတ်လမ်းဆင်ရှင်းပြဖို့ ပြင်ဆင်နေ
မိမိတို့နိုင်ငံကို နိုင်ငံရေးအရ လုပ်ကြံထိုးနှက်မှုတစ်ခုအဖြစ် ဆောင်ရွက်ချင်၍ပဲဖြစ်

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်းမတည်မငြိမ် ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှု အခြေအနေသဘောထားများနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရှေ့ပိုင်းကဏ္ဍမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကြမ်းဖက်သမားများဖြစ်ကြတဲ့ Federation of Trade Union of Burma (FTUB) ခေါ် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် အတွင်းရေးမှူးဖြစ်သူ တရားခံပြေး မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေက ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (Network for Democracy and Development-NDD) အမည်ခံ အကြမ်းဖက်အဖွဲ့ ပြည်တွင်းသတင်းကွန်ရက်တာဝန်ခံ သိန်းဝင်းကို ကြားခံထားပြီး ပြည်တွင်းမှာ ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာစေရန်နဲ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ကြံစည်လုပ်ဆောင်ခဲ့ပုံများကို အချက်အလက်များဖြင့် ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်ကတော့ အဲဒီလို အကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်ဆောင်ရွက်ခဲ့သူများဟာ NCGUB ရဲ့ ဝန်ကြီးချုပ်ဆိုသူ ပြည်ပြေးစိန်ဝင်းနဲ့ NCUB၊ FTUB အဖွဲ့တွေရဲ့ အထွေထွေအတွင်းရေးမှူး မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေတို့နဲ့ ဆက်စပ်ပတ်သက်မှုများနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်တဲ့ ABSDF နဲ့ VBSW တို့နဲ့ ဆက်စပ်မှုများကို ဖြည့်စွက်ပြီး ရှင်းပြလိုပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသတင်းထုတ်ပြန်ရေးကော်မတီကကျင်းပသည့်သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)တွင်ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

သတင်းစာဆရာကြီးများခင်ဗျား–

အဖွဲ့အစည်းသဘောအရပြောရရင်တော့ NCUB နဲ့ NCGUB တို့ဟာ ၃၀–၁၁–၂၀၀၃ ရက်နေ့မှာ Joint Policy Declaration တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်၊ အဲ့ဒီကြေညာချက်မှာ NCUB နဲ့ NCGUB တို့ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးနဲ့ ကံကြမ္မာကို ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကြေညာထားပါတယ်၊ ဒါ့ကြောင့် FTUB နဲ့ NCUB တို့ရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်သူ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ NCGUB ပြည်ပြေးစိန်ဝင်းရဲ့ သဘောထားရပ်တည်ချက်နဲ့ တစ်ထပ်တည်းဖြစ်တယ်၊ သူတို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ် လုပ်ဆောင်နေကြတာဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။

မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ ၃–၁၁–၁၉၈၈ ရက်နေ့မှာ ပြည်ပသို့ ဝရမ်းပြေးအဖြစ် ထွက်ပြေးသွားပြီးနောက် မြန်မာပြည် ဒီမိုကရေစီပြန်လည်ထူထောင်ရေးကော်မတီ (Committee for Restoration of Democracy in Burma) (CRDB) မှ တင်မောင်ဝင်းနဲ့ ဦးနုရဲ့သား မောင်အောင်တို့ဆီကို ခိုလှုံခဲ့သူဖြစ်ပါတယ်၊ မောင်မောင်ဟာ အဲဒီကမှတစ်ဆင့် NCGUB ရဲ့ စင်ပြိုင်အစိုးရမှာ နေရာရရှိရေးအတွက် ပြည်ပြေးစိန်ဝင်းကို ဆရာတင်ပြီး အဖွဲ့ဝင်အဖြစ်ဝင်ရောက်ကြိုးပမ်းခဲ့ပါတယ်၊ ပြည်ပြေးစိန်ဝင်းရဲ့အကြံပေးချက်အရ NCGUB တစ်ဖွဲ့တည်းအနေဖြင့် လှုပ်ရှားရာမှာ အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ ထိရောက်မှုမရှိသည့်အတွက် ပိုမိုထိရောက်စေဖို့ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် FTUB ကို သီးခြားထူထောင်ပြီး နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုရရှိအောင် ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်၊ ဒါကြောင့်မို့ တရားခံပြေး မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေနှင့် ပြည်ပြေးစိန်ဝင်းတို့ဟာ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းသမား၊ ပုလင်းတူဘူးစို့များ ဖြစ်နေကြောင်းကိုလည်း သုံးသပ်တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီကကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြသထားသည့် SSA ရှက်ဆစ် ဦးစီးအဖွဲ့နှင့် အပေါင်းပါတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ် မှတ်တမ်းတင် ဓာတ်ပုံများ။
(သတင်းစဉ်)

အကြမ်းဖက်ဖျက်ဆီးရေး

အနောက်ဆရာကြီးတွေရဲ့ ကြိုးဆွဲရာကိုလိုက်ကနေတဲ့ NCGUB ပြည်ပြေးစိန်ဝင်းဟာ တစ်ဖက်နိုင်ငံမှာ နေလို့မရတော့တဲ့ အခြေအနေကြောင့် အနောက်နိုင်ငံကြီးတစ်နိုင်ငံမှာ သွားရောက် အခြေပြုနေခဲ့ပါတယ်၊ ၁၉၉၇ ခုနှစ် မတ်လ ၁၁ရက်နေ့မှ ၁၆ရက်နေ့အထိ တိုကျိုမြို့ကို သွားရောက်ခဲ့ပြီး သူ့ရဲ့ ပြည်ပြေးအုပ်စုဝင်တွေဖြစ်တဲ့ နိုင်အောင်၊ ဝင်းခက်၊ သောင်းထွန်းတို့နဲ့အတူ ဂျပန်နိုင်ငံမှာရောက်ရှိနေတဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖြစ်မြောက်ရေးအတွက် ကြံစည်လုပ်ဆောင်ကြပါတယ်၊ တစ်ပြိုင်တည်းမှာပဲ မြန်မာနိုင်ငံအတွင်း အကြမ်းဖက် လုပ်ကြံဖျက်ဆီးရေး အစီအစဉ်တွေကိုလည်း ရေးဆွဲခဲ့ကြပါတယ်။

NCGUB ရဲ့ အကြမ်းဖက်လုပ်ကြံမှုကို လက်တွေ့ရုပ်လုံးဖော်ခဲ့သူတွေကတော့ သိန်းငွေနဲ့ သောမတ်(ခ)ဂုဏ်အောင်တို့ ဖြစ်ကြပြီး အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးရဲ့အိမ်ကို ပါဆယ်ဗုံးနဲ့ ဖောက်ခွဲလုပ်ကြံခဲ့ကြတာဖြစ်ပါတယ်၊ အဲ့ဒီဖြစ်စဉ်မှာ တစ်ဖက်နိုင်ငံမှာရှိနေတဲ့ FTUB မှ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေနဲ့ လူဘောင်သစ်အဖွဲ့မှ အောင်မိုးဇော်တို့ဟာ ပြည်ပြေးစိန်ဝင်းရဲ့ အဓိကလက်ရုံးတွေအဖြစ် ကြီးကြပ် ဆောင်ရွက်ခဲ့ကြပါတယ်။

ကြိုတင်ဖမ်းဆီးရမိခဲ့

မောင်မောင်ဟာ ပြည်ပြေးစိန်ဝင်းကို ဆရာတင်ပြီး တစ်ဖက်က အလုပ်သမားကိစ္စကိုဗန်းပြကာ ထောက်ပံ့ငွေတွေရအောင် ကြံဖန်လုပ်ဆောင်နေသလို တစ်ဖက်ကလည်း ထောက်ပံ့ငွေတွေ ဖောဖောသီသီသုံးပြီး မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ ဆက်တိုက်လုပ်လာခဲ့ပါတယ်၊ ၁၉၉၂ခုနှစ်မှစပြီး ဖောက်ခွဲဖျက်ဆီးရေး အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Hawk အုပ်စုကို ထူထောင်ခဲ့ပါတယ်၊ အဲဒီ Hawk အုပ်စုကို မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ဖို့ စေလွှတ်ခဲ့ရာမှာ မိမိလုံခြုံရေးတပ်ဖွဲ့က ကြိုတင်ဖမ်းဆီးရမိခဲ့ပါတယ်၊ အဲဒီ Hawk အဖွဲ့နှင့် ပတ်သက်လို့ ၈–၅–၁၉၉၂ ရက်နေ့မှာ အသေးစိတ်သတင်းများထုတ်ပြန်ဖော်ပြပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာ ပြည်ပြေးစိန်ဝင်းဟာ နိုင်ငံတကာ NGO အမည်ခံအဖွဲ့များထံမှ ထောက်ပံ့ငွေများဖြင့် ပြည်ပရှိဆန့်ကျင်ဘက် အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖျက်သမားများကို ထပ်ဆင့်ထောက်ပံ့ကာ သွေးထိုးဆောင်ရွက်နေတဲ့အတွက် ဩဇာသက်ရောက်မှုရှိနေသလို အလားတူတရားခံပြေး မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေကလည်းပဲ နိုင်ငံကြီးတစ်နိုင်ငံရဲ့ အားပေးအားမြှောက်ပြုမှုနဲ့ ထောက်ပံ့ငွေများရရှိကာ နိုင်ငံတော်ကိုဆန့်ကျင်နေကြတဲ့ ပြည်ပအဖွဲ့အစည်းများနဲ့ အကြမ်းဖက်အဖျက်သမားတွေ အပေါ်မှာ ဩဇာသက်ရောက်လျက်ရှိနေကြောင်း စုံစမ်းသိရှိလာရပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

မေလ ၇ရက်နေ့ ရန်ကုန်မြို့မှာဗုံးဖောက်ခွဲပြီး အကြမ်းဖက်ကျူးလွန်ခဲ့တာနဲ့ပတ်သက်လို့ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅)မှာ ဆက်စပ်တင်ပြခဲ့တဲ့ သတင်းများကို ပြန်လည်ကောက်နုတ်လေ့လာကြည့်မယ် ဆိုရင် NCGUB၊ NCUB၊ FTUB၊ NDD၊ ABSDF နဲ့ VBSW အဖွဲ့တွေရဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ပူးပေါင်းကြံစည်လုပ်ဆောင်မှုဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။

အဲဒီသတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းပြောကြားခဲ့တဲ့ ၂၀၀၅ခုနှစ်အတွင်း အကြမ်းဖက်အဖျက်သမားတွေရဲ့ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရေး သတင်းတွေကို ပြန်လည်ကောက်နုတ်လေ့လာကြည့်ရင် အခုလိုတွေ့ရှိရမှာ ဖြစ်ပါတယ်။

၈–၁–၂၀၀၅ရက်နေ့က တစ်ဖက်နိုင်ငံအခြေပြု ABSDF အဖွဲ့မှ ချစ်သန်း၊ စိုးထွေးနဲ့ တင်မောင်တို့ဟာ ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်ရန် လေ့ကျင့်လျက်ရှိကြောင်း၊ ၎င်းအဖွဲ့ဟာ ကော့သောင်းမှတစ်ဆင့် မော်လမြိုင်သို့ ဝင်ရောက်လာရန်ရှိကြောင်း။

၂၄–၁–၂၀၀၅ ရက်နေ့က ထောက်လှမ်းရေးသင်တန်းတက်ရောက်ပြီးသူ ABSDF မောင်မောင်ကြီးဟာ ကောင်းဇံ၊ တင်ဦးနဲ့ အခြားတစ်ဦးတို့နှင့်အတူ NCUB တွဲဖက်အတွင်းရေးမှူး မြင့်သိန်းနဲ့တွေ့ဆုံပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းလုပ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း။

၁၇–၂–၂၀၀၅ရက်နေ့က တစ်ဖက်နိုင်ငံ နယ်စပ်မြို့တစ်မြို့မှာ ဖောက်ခွဲရေးသင်တန်းတက်ထားပြီးသူ ABSDF မှ ဇော်ထွဋ်၊ မျိုးဇော်နဲ့ ရဲနောင်တို့ဟာ NDD သိန်းဝင်းဦးစီးတဲ့ ၁၀ဦးပါအဖွဲ့နဲ့ ပေါင်းပြီး လက်တွေ့ဖောက်ခွဲရန် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း။

အဲဒီအစည်းအဝေးကို NCGUB မှ ပြည်ပြေးစိန်ဝင်း၊ စွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW) မှ အဖွဲ့ဝင်များနဲ့ ဖောက်ခွဲရေးတာဝန်ခံ ရာမတို့လည်း တက်ရောက်ခဲ့ကြကြောင်း၊ ဖောက်ခွဲရေးသင်တန်းဆင်း ဇော်ထွဋ်၊ မျိုးဇော်၊ ရဲနောင်ဆိုသူတို့သုံးဦးကို ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ဖို့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ကြောင်း။

၂၉–၃–၂၀၀၅ရက်နေ့မှာ ဖောက်ခွဲရေးလုပ်ငန်းများအတွက် နိုင်ငံကြီးတစ်နိုင်ငံမှ အဖွဲ့အစည်းကြီးတစ်ခုက NCGUB ပြည်ပြေးစိန်ဝင်းထံသို့ အမေရိကန်ဒေါ်လာငွေ တစ်သိန်းကို ဒုက္ခသည်များပံ့ပိုးကူညီငွေ ခေါင်းစဉ်ဖြင့် ပေးပို့ခဲ့ကြောင်း၊ NCGUB က ဦးစီးပြီး အကြမ်းဖက်အဖွဲ့များမှ

အဖွဲ့ဝင်များကို ဖောက်ခွဲရေးသင်တန်းများ ပို့ချခဲ့ကြောင်း၊ ဖောက်ခွဲရေးသမားတွေဟာ ပြည်တွင်းမှာ အမာခံယူဂျီများနဲ့ ဆက်စပ်ပေါင်းစပ်ပြီး ဖောက်ခွဲဖျက်ဆီးမှုကို တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်ကြမှာဖြစ်ကြောင်း။

ပြည်တွင်းသို့ပင်ရောက်ရှိ

အဲဒီအဖွဲ့ကို အနီးကပ်ကြီးကြပ်သူအဖြစ် FTUB မှမောင်မောင်(ခ) ပြည်သစ်ညွန့်ဝေကဆောင်ရွက်ပြီး လူ့ဘောင်သစ်မှ အောင်မိုးဇော်၊ တင်ဦးနဲ့ လွမ်းဏီတို့နဲ့ ပေါင်းစပ်ဆောင်ရွက်ကာ ကိုကိုနိုင်တို့အဖွဲ့ကို တာဝန်ပေးထားကြောင်း၊ ကိုကိုနိုင်ဟာ ပြည်တွင်းသို့ပင်ရောက်ရှိနေပြီဖြစ်ကြောင်း။

၁၀-၅-၂၀၀၅ ရက်နေ့မှရရှိခဲ့တဲ့ သတင်းအရ မေ(၇)ရက်နေ့ ရန်ကုန်မြို့ သုံးနေရာမှာ ဗုံးဖောက်မှုများနဲ့ပတ်သက်ပြီး ကိုကိုနိုင်တို့အဖွဲ့ကို မေ ၁၁ရက်နေ့မှာ ပဲခူးတိုင်း ရွှေကျင်-ကျောက်ကြီး-မွေတော်ရွာမှတစ်ဆင့် ကရင်ပြည်နယ် ကျောက်ညှပ်-နန့်မော်၊ ထိုမှတစ်ဆင့် တစ်ဖက်နိုင်ငံ ဇလားဒုက္ခသည်စခန်းသို့လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထို-ဘီးလင်းကြားရှိ အလူကြီး-အလူလေးခေါ် ကရင်ရွာမှတစ်ဆင့် ဖာပွန်-ဒါးကွင်း၊ ထိုမှတစ်ဆင့် ဇလားဒုက္ခသည်စခန်းသို့လည်းကောင်း၊ ပြန်လည်ဆုတ်ခွာလာရန် လမ်းကြောင်းများ ဆက်သွယ်သတ်မှတ်ပေးခဲ့ကြောင်း စတဲ့သတင်းများရရှိခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဒါ့ကြောင့် ရှင်းလင်းတင်ပြချက်အားလုံးကို ပြန်လည်ဆက်စပ်သုံးသပ်ကြည့်ရင် ဒီဖြစ်ရပ်အားလုံးကို ပြည်ပကဆရာကြီးတွေရဲ့ ထောက်ပံ့ကူညီမှုနဲ့ ဒီမိုကရေစီ မျက်နှာဖုံးစွပ်ပြီး အဓိကကြိုးကိုင်ဆောင်ရွက်နေသူတွေကတော့ NCGUB မှ ပြည်ပြေးစိန်ဝင်းနဲ့ FTUB၊ NCUB မှ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေတို့ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

မောင်မောင်ဟာ သူ့ဆရာ ပြည်ပြေးစိန်ဝင်းရှိတဲ့ အနောက်နိုင်ငံကြီးတစ်နိုင်ငံကို မကြာခဏသွားရောက်ပြီး ပြည်ပြေးစိန်ဝင်းရဲ့ နေအိမ်မှာတည်းခိုနေထိုင်လေ့ရှိကြောင်း၊ သူတို့နှစ်ဦးဟာ NCUB နဲ့ NCGUB တို့ရဲ့ လုပ်ပိုင်ခွင့်ရှိသူနဲ့ ဩဇာအာဏာ သက်ရောက်သူများဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိရေးအကြောင်းပြပြီး ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် ဆက်သွယ်ပူးပေါင်း လှုပ်ရှားနေကြောင်း သတင်းများရရှိခဲ့ပါတယ်။ NCUB နဲ့ FTUB အထွေထွေအတွင်းရေးမှူး မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ အထက်မှာ ရှင်းလင်းပြောကြားခဲ့သလို ပြည်တွင်းဆူပူအုံကြွမှုဖြစ်စေရေးနဲ့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ဖို့အတွက် NDD မှ သိန်းဝင်းကို ကြားခံထားပြီး ဆောင်ရွက်ခဲ့သလို သူ့ဆရာ ပြည်ပြေးစိန်ဝင်းရဲ့ အကြံအစည် အစီအမံများအတိုင်း စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ (VBSW)ကို ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်စေခဲ့ကြောင်း၊ ဒီလိုလုပ်ကိုင်ရာမှာလည်း အကဲခတ်စောင့်ကြည့်လေ့လာသူတွေ ယုံထင်ကြောင်ထင်ဖြစ်စေရန်အတွက် ဖုံးကွယ်လှည့်စားတဲ့အနေနဲ့ NDD သိန်းဝင်းတို့အဖွဲ့နဲ့ ABSDFတွေကို ခုတုံးလုပ်အသုံးချခဲ့ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဒီနေရာမှာ စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW)နဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုပါတယ်။ စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ဟာ ၁၉၉၇ခုနှစ် အောက်တိုဘာလ ၁ရက်နေ့က ဗန်ကောက်မြို့ရှိ မြန်မာသံရုံးကို ပြည်ဝင်ခွင့်ဗီဇာ လာယူသူများအသွင် အယောင်ဆောင်ပြီး လက်နက်ကိုင်အကြမ်းဖက်စီးနင်းခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်၊ အဲဒီအကြမ်းဖက်မှုကို ABSDF တပ်ရင်း(၂၁၀)မှ ဂျော်နီ(ခ) ကျော်ဦးကခေါင်းဆောင်ပြီး ၎င်းအဖွဲ့မှ ဗေဒါ(ခ)မြင့်သိန်းနဲ့ ဆွေမင်း၊ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့မှ သားငယ်နဲ့ God's Children Army ဆိုသည့် အဖွဲ့မှ ကရင်လူငယ်တစ်ဦးတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်နဲ့စပ်လျဉ်းပြီး ၁၉၉၉ခုနှစ် အောက်တိုဘာလ ၂ရက်၊ ၄ရက်နဲ့ ၆ရက်နေ့တွေမှာ သတင်းစာရှင်းလင်းပွဲတွေပြုလုပ်ခဲ့ပြီး အပြည့်အစုံ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ရွှေမန်းသူကားစခန်းဝင်းနှင့် Panorama ဟိုတယ် ဗုံးပေါက်ကွဲမှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်းနှင့် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် ထပ်မံဖောက်ခွဲမည်ဖြစ်ကြောင်း ၂၃-၅-၂၀၀၅ရက်နေ့က စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များ အဖွဲ့က အင်တာနက်သို့ ဤသို့ တင်ခဲ့သည်။



VBSWအဖွဲ့ကို ၁၉၉၉ ခုနှစ် ဩဂုတ်လ ၂၉ရက်နေ့မှာ အဖွဲ့ဝင် ၁၈ဦးနဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး စက်တင်ဘာလ ၁ ရက်နေ့မှာ အဖွဲ့ဝင်ခြောက်ဦး ထပ်မံဝင်ရောက်လာလို့ စုစုပေါင်းအဖွဲ့ဝင် ၂၄ဦး ရှိခဲ့ပါတယ်။ God's Children Army အခြေပြုရာ တကိုယ်တိုင်းကျေးရွာမှ ကျော်ဦးက ဦးဆောင်ပြီး စန်းနိုင်(ခ) ရဲသီဟ၊ မင်းလွင်၊ ကျော်ဦး(ခ)ဂျော်နီ၊ လှအောင်၊ အောင်ကျော်ဆန်း၊ ကိုလတ်၊ ကျော်နိုင်၊ တင့်လွင်ဦး၊ သန့်ဇော်ဦး၊ နောင်ခမ်း၊ မြင့်သိန်း(ခ)ဗေဒါ၊ မင်းမင်းဦး၊ ရဲသူနိုင်(ဩစတြေးလျ)၊ တင်ခက်(ဂျပန်)၊ အောင်စိုး၊ ချိုတူး၊ မျိုးမြင့်၊ သန်းဌေး (ကနေဒါ)၊ ကျော်ဇင်၊ မြတ်အောင်ကျော်၊ သီဟ၊ မင်းနိုင်(အမေရိကန်)၊ စန်းဝင်းနဲ့ မောင်ထွေးဆိုသူတွေ ပါဝင်ကြောင်း သိရှိရပါတယ်။

ဆေးရုံအကြမ်းဖက်မှု

VBSWအဖွဲ့ဝင်တွေဟာ မိုက်ရူးရဲဆန်တဲ့ အဖွဲ့ဝင်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး နောက်ထပ် လက်ရဲဇက်ရဲ လုပ်ဆောင်မှုတစ်ခုအဖြစ် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ ရပ်ချ်ဘူရီဆေးရုံကို God's Children Army အဖွဲ့နဲ့ပူးပေါင်းပြီး ထပ်မံစီးနင်းပြန်ပါတယ်။ ဒါပေမယ့် သူတို့တစ်တွေရဲ့ ရပ်ချ်ဘူရီဆေးရုံ စီးနင်းမှုအကြမ်းဖက်လုပ်ရပ်ဟာ ထိုင်းနိုင်ငံမှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များရဲ့ ပြန်လည်ချေမှုန်းခံခဲ့ရရုံမျှသာမက ဖြစ်စဉ်မှာပါဝင်ခဲ့တဲ့ VBSW မှ သုံးဦးနဲ့ God's Children Army မှ ခုနစ်ဦးတို့ ဟာလည်း အနီးကပ်ချေမှုန်းခြင်းခံခဲ့ရပါတယ်။ ဒါ့ကြောင့် VBSWအဖွဲ့ဟာ သူတို့တပ်ဖွဲ့ဝင်တွေ ခံရမှုနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံအပေါ် နာနာကြည်းကြည်းနှင့် မကျေမနပ်ဖြစ်ခဲ့ရတဲ့ အနာဟောင်းရှိခဲ့ပါတယ်။

အဲဒီ VBSWအဖွဲ့ဟာ နောက်ပိုင်းသတင်းမြုပ်နေရာကနေ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ ရန်ကုန်မြို့ရှိ ဇော်ဂျီဟောက်စ် စားသောက်ဆိုင် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုဖြစ်စဉ်နဲ့အတူ ပြန်လည်ခေါင်းထောင်လာကြောင်း တွေ့ရှိရပါတယ်၊ ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ဗုံးဖောက်ခွဲခံရမှုသတင်းကို ဒီဇင်ဘာလ ၂၂ ရက်နေ့ထုတ် သတင်းစာများမှာဖော်ပြခဲ့ပြီး နောက်တစ်နေ့ဖြစ်တဲ့ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ အဆိုပါဗုံးဖောက်ခွဲမှုဟာ ၎င်းတို့ရဲ့လက်ချက်ဖြစ်ကြောင်း VBSWက မဆိုင်းမတွဘဲ ထုတ်ပြန်ကြေညာ ခဲ့တယ်လို့ AFP သတင်းတစ်ရပ်မှာ ဖော်ပြခဲ့ပါတယ်၊ အဲဒီသတင်းမှာ VBSW က သူတို့ရဲ့ တောင်းဆိုချက်တွေကို မလိုက်လျောခဲ့ရင် နောက်ဆက်တွဲတိုက်ခိုက်မှုတွေ ဆက်လုပ်သွားမယ်လို့ ဖော်ပြထားကြောင်း ၂၄-၁၂-၂၀၀၄ ရက်နေ့ နံနက် ၆ နာရီမှာ VOAက ကြေညာသွားပါတယ်၊ အဲဒီအကြောင်း အပြည့်အစုံကို ၂၈-၁၂-၂၀၀၄ ရက်နေ့မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဇော်ဂျီဟောက်စ် စားသောက်ဆိုင် ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီး နောက် ၂၀၀၅ခုနှစ် မတ်လအတွင်းမှာ တောင်ဥက္ကလာပမြို့နယ် ကားစခန်းဝင်း အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သလို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ ပန်နီရာမားဟိုတယ်မှာလည်း ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း အားလုံး အသိပဲဖြစ်ပါတယ်။ အဲဒီဗုံးပေါက်ကွဲမှုနှစ်ခုနဲ့ ပတ်သက်ပြီး ၂၀၀၅ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ DVBက Student warriors Warn three more blasts in Burmaဆိုတဲ့ ခေါင်းစဉ်နဲ့ အင်တာနက်မှာ သတင်းတစ်ပုဒ် လွှင့်သွားခဲ့ပါတယ်။ အဲဒီသတင်းမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများသည် ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု အထူးလျှို့ဝှက်စွာ ဖွဲ့စည်းထားသည့် စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW)က ပြောကြားကြောင်း၊ မတ်လ ၂၂ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ပြီး လက်မှတ်ရေးထိုးမထားသော ကြေညာချက်တွင် VBSWက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ Panorama ဟိုတယ်နှင့် ပါရမီလမ်းရှိ ဗန္ဓုလကုမ္ပဏီတို့၌ ဗုံးနှစ်လုံးပေါက်ကွဲမှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း၊ မကြာမီ နောက်ထပ်သုံးနေရာ၌ ဖောက်ခွဲမှုသုံးကြိမ်မက ထပ်မံပြုလုပ်ဦးမည်ဟု သတိပေးထားကြောင်း၊ ဗုံးတစ်လုံးကို မန္တလေးတွင်လည်းကောင်း၊ ဗုံးတစ်လုံးကို ရန်ကုန်တွင်လည်းကောင်း၊ ဗုံးတစ်လုံးကို အမျိုးသားညီလာခံကျင်းပရာနေရာတွင်လည်းကောင်း ဖောက်ခွဲမှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ရပ်ဆိုင်းရန်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန်တောင်းဆိုထားကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်၊ အဲဒီ DVBက အင်တာနက်မှာ လွှင့်ထားတဲ့ VBSWရဲ့ ကြေညာချက်သတင်းကို သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ဖို့ ဘုတ်မှာကပ်ထားပေးပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

အဲဒီသတင်းတွေမတိုင်ခင် ၁-၂-၂၀၀၅ ရက်နေ့က ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၅)မှာ စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့နဲ့စပ်လျဉ်းပြီး အောက်ဖော်ပြပါ သတင်းနှစ်ပုဒ်ကို ရှင်းလင်းပြောကြားခဲ့တာ သတင်းစာဆရာကြီးများပြန်လည်အမှတ်ရမိကြမှာဖြစ်ပါတယ်။

ပထမသတင်းကတော့ တစ်ဖက်နိုင်ငံ ကန်ချနဘူရီမြို့၌ အခြေပြုထားသည့် အကြမ်းဖက်အဖျက်သမား အဖွဲ့တစ်ဖွဲ့ဖြစ်သော စွမ်းအားမြှင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့မှ စိုးမိုးထွန်းသည် ၎င်းတို့အဖွဲ့မှ သေဆုံးသွားပြီဖြစ်သည့် မြင့်သန်း(ခ)ဗေဒါ၏ နာမည်ကိုခံယူ၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ပထမပတ်တွင် ဆန်စဖန်ခွဲမြို့မှတစ်ဆင့် ရနောင်းမြို့သို့ ရောက်ရှိလာပြီး လူသစ်စုဆောင်းရေး စီစဉ်ခဲ့ကြောင်း၊ အခြားအဖွဲ့ဝင် သုံးဦးဖြစ်သည့် ရဲသီဟ၊ စိုးသီဟနှင့် ကျော်စိုးတို့ကလည်း ရနောင်းကိုရောက်ရှိလာပြီး မြန်မာလူမျိုးတစ်ဦးနဲ့ လျှို့ဝှက်စွာတွေ့ဆုံခဲ့ကြောင်း သတင်းဖြစ်ပါတယ်။

ဒုတိယသတင်းကတော့ တစ်ဆက်တည်းမှာပဲ စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည် တော်များအဖွဲ့မှ ရဲသီဟ(ခ)စန်းနိုင် ဦးစီးသည့် အဖွဲ့ဟာ (၈၈)အရေးအခင်း ဆူပူမှုတွင် ပါဝင်လှုပ်ရှားခဲ့သူ၊ ဖောက်ခွဲရေးနည်းပညာများကို မိုးသီးဇွန်၏ ကူညီမှုဖြင့် နိုင်ငံတစ်နိုင်ငံတွင် သင်ခဲ့ဖူးသူသုံးဦးကို အမျိုးသားညီလာခံအား နှောင့်ယှက်ဖျက်ဆီးရန်အတွက် မြဝတီ-သံဖြူဇရပ်-ဘုရားသုံးဆူလမ်းကြောင်းအတိုင်း ရန်ကုန်မြို့သို့ စေလွှတ်ခဲ့ကြောင်း သတင်းပဲဖြစ်ပါတယ်။

ဝေဖန်သုံးသပ်ခဲ့

ဒါ့အပြင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့ ရန်ကုန်မြို့ရှိ ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ဗုံးဖောက်ခွဲမှုဟာ ၎င်းတို့လက်ချက်ဖြစ်တယ်လို့ VBSWက ကြေညာခဲ့တာနဲ့ ပတ်သက်ပြီး အင်တာနက်ပေါ်မှာ Maximilan Wechsler ဆိုသူက ဝေဖန်ထောက်ပြခဲ့ပါတယ်။ အဲ့ဒါကတော့ "VBSWသည် ဒီမိုကရေစီလိုလားပါသည်ဆိုပြီး သံရုံးစီးနင်းတိုက်ခိုက်မှု၊ လေယာဉ်အပိုင်စီးနင်းမှု၊ ဆေးရုံစီးနင်းတိုက်ခိုက်မှု၊ ဗုံးဖောက်ခွဲမှုများကို ကျူးလွန်နေကြောင်း၊ ဤသို့အဖျက်လုပ်ရပ်များ ကျူးလွန်ခြင်းကို ပြည်ပရှိ မြန်မာပြည်ပြေးများက ပွင့်ပွင့်လင်းလင်းတားဆီးမှုမရှိသည့်အပြင် အချို့က ထောက်ခံအားပေးနေသည်ကိုပင် တွေ့ရှိရသည့်အကြောင်း၊ စွမ်းအားမြှင့်မြန်မာကျောင်းသားစစ်သည်တော်များ၏ လုပ်ရပ်သည် မြန်မာအစိုးရကိုမထိခိုက်ဘဲပြည်သူများကိုသာ ထိခိုက်သေကျေပျက်စီးစေသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း" ဆိုပြီး ဝေဖန်သုံးသပ်ခဲ့တာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပင် NCGUB ပြည်ပြေးစိန်ဝင်းနဲ့ FTUB မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေတို့ဟာ အကြမ်းဖက်လုပ်ရပ်တွေကို လက်မရွံ့စတမ်း လက်ရဲဇက်ရဲ လုပ်ဆောင်နေတဲ့ VBSWအဖွဲ့ကိုပါ လက်သပ်မွေး မက်လုံးတွေပေးပြီး အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်တွေလုပ်ဖို့ အစီအစဉ်တွေ ရေးဆွဲလုပ်ဆောင်နေတယ်ဆိုတဲ့ သတင်းတွေတစ်ဆက်တည်း ရရှိခဲ့တာမို့ ဆက်လက်စုံစမ်း ဖော်ထုတ်ခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဒီနေရာမှာ NCGUB ပြည်ပြေးစိန်ဝင်းနဲ့ FTUB မှ တရားခံပြေး မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေတို့ရဲ့ အသုံးချခံမိုက်ရူးရဲ VBSWအဖွဲ့ဟာ တစ်ချိန်က ထိုင်းနိုင်ငံအတွင်း သူတို့အနေနဲ့ နာနာကြည်းကြည်း ခံစားခဲ့ရမှုကို လက်တုံ့ပြန်ရင်း မြန်မာနဲ့ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရေး၊ ဆက်ဆံရေးများ ပျက်ပြားစေရန်ဆိုတဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံအတွင်း ထိုင်းကိုယ်စားလှယ်အဖွဲ့များ လာရောက်ပြသနေတဲ့ ထိုင်းကုန်စည်ပြပွဲကျင်းပရာ ကုန်သွယ်မှုဗဟိုဌာနနဲ့ ပုဂ္ဂလိကအရောင်းစင်တာတွေကို ဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်ပါတယ်။

၁၇-၈-၂၀၀၅ ရက်နေ့က NCUB မှ မောင်မောင်ဟာ NCUB နှင့် DAB အဖွဲ့ သဘာပတိ တာမလာဘော(KNU)၊ DAB အဖွဲ့ အတွင်းရေးမှူး ကျော်ညွန့်၊ NDFမှ ခိုင်စိုးနိုင်အောင်၊ KNLA မှ စစ်ဦးစီးချုပ် မူတူးတို့အား ဗန်ကောက်မှာ ခေါ်ယူတွေ့ဆုံခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံရခြင်းမှာ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေက တစ်ဖက်နိုင်ငံ အာဏာပိုင်တွေက တွေ့လိုသည့်ပုံစံမျိုးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ ထိုသို့ခေါ်ယူတွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ အခြေအနေများကို မောင်မောင်က သိလို၍မေးမြန်းခြင်း ဖြစ်ကြောင်းသိရှိရပါတယ်၊မောင်မောင်ဟာ ၎င်းရရှိသည့် အထောက်အပံ့များကို အကြမ်းဖက်လုပ်ရပ်များတွင် သုံးစွဲခဲ့သည်ဟု လူမှုရေးအရ ထောက်ပံ့သည့် အချို့နိုင်ငံများက သိရှိနေတဲ့အတွက် နယ်စပ်တွင် မသုံးရန် ဟန့်တားခြင်းခံနေရသည်ဟု သတင်းများလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် မောင်မောင်ဟာ တစ်ဖက်နိုင်ငံရှိ အာဏာပိုင်တွေက စိစစ်မေးမြန်း ဟန်ဆောင်၍ ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို ခေါ်ယူတွေ့ဆုံကာ ငွေသုံးစွဲခြင်း ကိစ္စများကို ညှိနှိုင်းခဲ့တာဖြစ်တယ်လို့ အတွင်းစည်းရှိ ယုံကြည်စိတ်ချရသူများထံမှ သတင်း ရရှိခဲ့ပါတယ်။

လုပ်ကြံဇာတ်လမ်းဆင်ရန်

ဒါ့အပြင် မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဟာထားဝယ်ခရိုင်၊ကန်ဘောက်ဒေသမှ ဒေသခံလေးငါးယောက်ကို တစ်ဖက်နိုင်ငံရဲ့မြို့တော်ဆီခေါ်ယူပြီး ၁၅-၉-၂၀၀၅ ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ဖို့ စီစဉ်နေကြောင်း၊ အဲ့ဒီသတင်းစာရှင်းလင်းပွဲမှာ UNOCAL ရေနံကုမ္ပဏီနဲ့ ပတ်သက်ပြီး ပြည်တွင်းမှာ အဓမ္မလုပ်အားပေးစေခိုင်းမှုတွေ၊ ကလေးအလုပ်သမားကိစ္စတွေကို မဟုန်မမှန်လုပ်ကြံဇာတ်လမ်းတွေဆင်ပြီး ရှင်းပြဖို့ ပြင်ဆင်နေကြောင်း သတင်းတစ်ရပ်ကိုလည်း ကျွန်တော်တို့အနေနဲ့ အခိုင်အမာရရှိထား ပါတယ်၊ ဒါဟာလည်း နောက်ပိုင်းက ကြိုးကိုင်နေတဲ့ သူ့ဆရာကြီးတွေရဲ့ အလိုကျ အစီအမံအတိုင်း ကျွန်တော်တို့နိုင်ငံကို နိုင်ငံရေးအရ လုပ်ကြံထိုးနှက်မှု တစ်ခုအဖြစ် ဆောင်ရွက်ချင်လို့ပဲ ဖြစ်ပါတယ်။

လက်ရှိမှာလည်း FTUB မောင်မောင်ဟာ ပြည်ပအထောက်အပံ့နဲ့ ဖောက်ခွဲရေးအပါအဝင် အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ ကြိုးပမ်းနေကြောင်း ခိုင်မာတဲ့အထောက်အထားများနှင့်တကွ သတင်းများရရှိထားပါတယ်။

နိဂုံးချုပ်ရရင် နောက်ဆုံး စုံစမ်းစစ်ဆေး ဖော်ထုတ်တွေ့ရှိချက်တွေအရ ၂၆-၄-၂၀၀၅ရက်နေ့ မန္တလေးမြို့ ဈေးချိုမြေညီထပ် ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုနဲ့ ၇-၅-၂၀၀၅ရက်နေ့ ရန်ကုန်မြို့ သုံးနေရာမှာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှုတွေကို NCGUB ပြည်ပြေးစိန်ဝင်းနဲ့ NCUB၊ FTUB မှမောင်မောင်(ခ) ပြည်သစ်ညွန့်ဝေတို့က ၎င်းတို့လက်အောက်ခံ အကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ ABSDFအဖွဲ့နဲ့ ကျန်အဖွဲ့ငယ်တွေကို အသုံးချပြီး နိုင်ငံရေး အရေခြုံထားတဲ့ အကြမ်းဖက်မှုတွေကို နောက်ကွယ်က ကြိုးကိုင်ဆောင်ရွက်နေကြတယ်ဆိုတာပေါ်လွင်ထင်ရှားနေပြီးဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့လည်း လိုအပ်တဲ့ စီမံဆောင်ရွက်မှုတွေကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုတာ အသိပေးပြောကြားအပ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား-

ဒီကနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ အလျဉ်းသင့်လို့ ပြည်တွင်းအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တပ်ဖွဲ့ဖြစ်တဲ့ SSA (ရှုက်ဆစ်) အဖွဲ့က လူသစ်များ အတင်းအဓမ္မစုဆောင်းနေလို့ ပြည်သူတွေအတိဒုက္ခရောက်နေရသော အခြေအနေကို ရှင်းပြလိုပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ➪

★ ရှေ့ဖုံးမှ

စုံစမ်းဖော်ထုတ်ချက်များကို လည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနှင့် စပ်လျဉ်း၍ လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်း မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက အကြမ်းဖက် အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့ အကြမ်းဖက်ဗုံးဖောက်ခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်းသည်များနှင့် ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၏ ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားသည်။)

ထို့နောက် ဒုတိယပိုင်းအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ရှင်းလင်းပြောကြားသည်။

(ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားသည်။)

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနှင့် စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

(ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များကို သီးခြား ဖော်ပြထားသည်။)

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)ကို မွန်းလွဲ၁၂နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော SSA ရှက်ဆစ်ဦးစီးသောအဖွဲ့နှင့် အပေါင်းအပါတို့၏ အကြမ်းဖက်လုပ်ရပ် မှတ်တမ်းဓာတ်ပုံများ၊ NCGUBနှင့်FTUBတို့၏ ပြည်တွင်းဆူပူမှုပေါ်ပေါက်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေး အစီအမံတို့ကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများ၊ (၂၅-၁၂-၉၆)ရက်က ကမ္ဘာအေးကုန်းမြေ စွယ်တော်မြတ်ပူဇော်ပွဲအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ စွယ်တော်မြတ်စေတီ ဖောက်ထွင်းခံရမှုဖြစ်စဉ်နှင့် တရားခံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ၊ စွယ်တော်အား ဖောက်ထွင်းခိုးယူပုံ အဆင့်ဆင့်ကို တရားခံက ပြန်လည်သရုပ်ပြနေပုံ မှတ်တမ်းဓာတ်ပုံများ၊ ငွေကျပ်တစ်ထောင်တန် ငွေစက္ကူအတုပြုလုပ်သူများအား ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဗုံးဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်နေသည့် NCGUB နှင့် NCUBတို့ ဆက်စပ်နေမှု မှတ်တမ်းတင်ဓာတ်ပုံများ၊ အကြမ်းဖက်အဖျက်သမား အဖွဲ့များက ပြည်တွင်းမတည်မငြိမ် ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖမ်းဆီးရမိခဲ့မှု မှတ်တမ်းတင်ဓာတ်ပုံများ၊ အကြမ်းဖက် အဖျက်သမားများက လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်ခဲ့မှုနှင့် ဗုံးဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များ၊ (၇-၅-၂၀၀၅)ရက် အကြမ်းဖက် သောင်းကျန်းသူ(Terrorist) များကြောင့် ရန်ကုန်မြို့တွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်များနှင့် ထိခိုက်ဒဏ်ရာရမှုများ၊ ဝေလင်းထံမှ သိမ်းဆည်းရမိသည့် ဂြိုဟ်တုဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဝင်းမြင့်၏သားဖြစ်သူ ဇင်ဘိုဝင်းကအပ်ပေးသော လှမြင့်သန်း၏ ဂြိုဟ်တုဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဝင်းမြင့်ထံမှ သိမ်းဆည်းရမိသည့် ဂြိုဟ်တုဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)အပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတို့ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။(ကြေးမုံ)

မော်လိုက်မြို့နှင့် ကလေးဝတွင် စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၈

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၁၆၃ စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၃၉၄ စင်တီမီတာသို့ အသီးသီးရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၄၈နာရီအတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာသို့ လည်းကောင်း၊ နောက် ၇၂နာရီအတွင်း ကလေးဝမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀စင်တီမီတာသို့ လည်းကောင်း အသီးသီးရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ပွဲဦးထွက်ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၅ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ(AFF U-17 Youth Championship 2005**)ကို ယနေ့ဒေသစံတော်ချိန် ညနေ၄နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့** ROYAL THAI ARMY **ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲတွင် (က)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် ပွဲဦးထွက်ခြေစွမ်းပြပြီး အနိုင်ရရှိသွားသည်။

မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း လေးမိနစ်တွင် အောင်ကျော်မျိုးက ပထမဂိုးကိုလည်းကောင်း၊ ရှစ်မိနစ်တွင် နိုင်လင်းထွန်းက ဒုတိယဂိုးကိုလည်းကောင်း၊ ၁၂မိနစ်တွင် ကျော်ကျော်ခိုင်က တတိယဂိုးကိုလည်းကောင်း၊ ၂၄မိနစ်တွင်စတုတ္ထဂိုးကိုလည်းကောင်း၊ ၄၃မိနစ်တွင် ပြည့်ဖြိုးဦးက ပဉ္စမဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြပြီး ပထမပိုင်းတွင် မြန်မာလူငယ်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်းကိုးမိနစ်တွင် အင်ဒိုနီးရှားလူငယ်အသင်းမှ နံပါတ်(၇) RAM DANI LESTA LUHUက ချေပဂိုးကို သွင်းယူခဲ့သည်။

မြန်မာလူငယ်အသင်းမှ ရှေ့တန်းတိုက်စစ်မှူးများက နောက်ထပ်ဂိုးရရှိရေးအတွက် ကြိုးစားကစားရင်း ၃၄မိနစ်တွင် မြန်မာလူငယ်အသင်းမှ ဇော်နိုင်ထွန်းက အင်ဒိုနီးရှားလူငယ်အသင်းနောက်တန်းကို ထိုးဖောက်၍ ဆဋ္ဌမဂိုးကိုသွင်းယူပြီး မြန်မာလူငယ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

အနိုင်ရရှိထား

ယင်းအုပ်စုတွင် အိမ်ရှင် ထိုင်းလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အင်ဒိုနီးရှားလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို ဩဂုတ်၂၆ရက်တွင် သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

(က)အုပ်စုပတ်လည်ပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းနိုင်ငံလူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ တစ်ပွဲစီအနိုင်ရရှိထားပြီး သုံးမှတ်စီရရှိထားသည်။

ဩဂုတ် ၃၀ရက် ဒေသစံတော်ချိန် ညနေခြောက်နာရီတွင် (က)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အိမ်ရှင် ထိုင်းနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နှစ်သင်းစလုံးအုပ်စု ပထမ၊ ဒုတိယနေရာလုပွဲဖြစ်ပြီး နိုင်သောအသင်းသည် ပထမနေရာဖြင့်လည်းကောင်း၊ ရှုံးသောအသင်းသည် ဒုတိယနေရာဖြင့်လည်းကောင်းရရှိကြ၍ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြရမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၅ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ အာဟာရနှင့်ကျန်းမာရေး
- ၇း၄၅ တေးဂီတအစီအစဉ်
- ၇း၅၀ လူသုံးအများဆုံး အိမ်သုံးလျှပ်စစ်မော်တာ
- ၇း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၀၀ မိုးလေဝသခန့်မှန်းချက်
- ၈း၀၅ တေးဂီတအစီအစဉ်
- ၈း၁၀ ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်း သိကောင်းစရာ
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ မြန်မာစာ၊ မြန်မာစကား
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၀၅ မိခင်လောင်းများအတွက် အာဟာရ
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၂၀ ရွှေစက်တော်ဘေးမဲ့တော
- ၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အကြောင်း သိကောင်းစရာ
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၃၅ ပိုက်ဆက်အတတ်ပညာ အပိုင်း(၁)
- ၁၀း၄၅ တေးဂီတအစီအစဉ်
- ၁၀း၅၀ မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းရောဝတီ
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ ကျေးပင်အက်ရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)**
- ၅း၁၅ ၆။ အကပဒေသာ
- ၅း၂၅ ၇။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
- ၅း၃၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
- ၅း၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၆း၁၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၁၇)**
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၁၇)**
- ၇း၃၅ ၁၆။ ထာဝစဉ်နှလုံ မြန်မာ့ဂီတ
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၇)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အနေနှင့် သတင်းများထုတ်ပြန်ရာမှာ အများပြည်သူအကျိုးနှင့် နိုင်ငံ့အကျိုးကို ရှေးရှု သတင်းစာဆရာကြီးများ၊ စာပေလောကသားများထံမှ အကြံဉာဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖိတ်ခေါ်

▲ ရှေ့ဖုံးမှ

သတင်းစာဆရာကြီးများ အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ၂၀၀၅ခုနှစ် မေလ ၁၅ရက်နေ့က ကျင်းပခဲ့တဲ့သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅)မှာ ကျွန်တော့်အနေနဲ့ ပြည်ပဆရာကြီးများနဲ့ ပြည်တွင်းပြည်ပအကြမ်းဖက်အဖျက်သမား (Terrorist) များက နိုင်ငံတော်အား သုံးဖက်သုံးတန်ညှပ်တိုက်ရန် စီမံဆောင်ရွက်နေပုံများ၊ နိုင်ငံတော်က ၎င်းတို့ရဲ့ မြေပေါ်တိုက်ခိုက်ရေးအစီအမံကို အချိန်မီဖော်ထုတ်တားဆီးကာကွယ်နိုင်ခဲ့တဲ့အတွက် ပြည်ပြေးတိုက်ခိုက်ရေးအစီအမံနှင့် မြေအောက်တိုက်ခိုက်ရေးအစီအမံများကို အချိန်ကိုက်လုပ်ဆောင်လာပုံများ၊ ထိုလုပ်ရပ်များကို တစ်နိုင်ငံလုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချကန့်ကွက်လျက်ရှိနေပုံများ၊ နယ်စပ်မှာခိုကပ်နေရတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့များဟာ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းပူးပေါင်းပြီး မြေအောက်တိုက်ခိုက်ရေးအစီအမံအရ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်ရန် ကြံစည်ကြိုးပမ်းနေပုံများ၊ ၇-၅-၂၀၀၅ရက်နေ့တွင် ရန်ကုန်မြို့၌ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုများ၊ ၎င်းဖောက်ခွဲမှုများတွင် အသုံးပြုခဲ့သောယမ်းနှင့်ချိန်ကိုက်ဗုံးများသည် အဆင့်မြင့်ယမ်းနှင့် အဆင့်မြင့်နည်းစနစ်ဖြစ်ပုံများ၊ သို့ပါ၍ ဖောက်ခွဲသူများသည် အကြမ်းဖက်အဖွဲ့များက ပြည်ပနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံခြားသားနည်းပြများဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သော ကျွမ်းကျင်သည့်ဖောက်ခွဲရေးသမားများသာ ဖြစ်နိုင်ပုံတို့ကို အကိုးအကား၊အထောက်အထားများနဲ့တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ပူးပေါင်းကြံစည်

ယနေ့ ပြည်ထဲရေးဝန်ကြီးနဲ့ ရဲချုပ်တို့ရဲ့ ရှင်းလင်းပြောကြားမှုတွေကို သုံးသပ်ကြည့်ရင် ပြည်ပရှိ ဆန့်ကျင်ဘက် အကြမ်းဖက်အဖျက်သမားအဖွဲ့များဟာ ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန်အတွက် မြေအောက်တိုက်ခိုက်ရေး အစီအမံ(မြေအောက်အကြမ်းဖက်တိုက်ကွက်)ကို ပြည်ပဆရာကြီးများရဲ့ ကူညီထောက်ပံ့မှုတွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းကြံစည်လုပ်ဆောင်နေတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။

အဆိုပါတိုက်ကွက်များအားလုံးရဲ့ ရည်ရွယ်ချက်ကို ဆန်းစစ်ကြည့်ရင် နိုင်ငံတော်အတွင်း အဘက်ဘက်မှ အခက်အခဲအကျပ်အတည်းများဖြစ်ပေါ်ကာ ပြည်တွင်းမတည်ငြိမ်မှုများ၊ ပြည်သူလူထုအတွင်းမကျေနပ်မှုများဖြစ်ပေါ်ပြီး ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာအောင် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီလို အုံကြွလာတဲ့အခါ ပြည်သူလူထုကိုစတေးပြီး ပွဲလှန့်ဖျာခင်းကာ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆောင်ရွက်နေမှုများဟာ မြန်မာနိုင်ငံကို နယ်ချဲ့သြဇာခံနိုင်ငံဖြစ်အောင်၊ နယ်ချဲ့အခြေအရုံနိုင်ငံဖြစ်အောင်၊ ခေတ်သစ်ကျွန်နိုင်ငံဖြစ်အောင် လုပ်နေခြင်းသာဖြစ်ကြောင်း သုံးသပ်တွေ့ရှိကြရမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

ပြည်ပဆရာကြီးများနဲ့ ပြည်တွင်းပြည်ပအကြမ်းဖက်အဖျက်သမား (Terrorist) များရဲ့ မြေပေါ်၊ မြေအောက်၊ ပြည်ပြေးတိုက်ကွက်များအနက် အားလုံးနီးပါးကို နိုင်ငံတော်အနေဖြင့် ကြိုတင်ကာကွယ်တားဆီးချေမှုန်းပစ်နိုင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဟာ ပြည်သူတစ်ရပ်လုံးရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့်ပဲ ဖြစ်ပါတယ်။

အခုလည်း ပြည်ပြေးအကြမ်းဖက်အဖျက်သမား စိန်ဝင်း၊ မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေနဲ့သိန်းဝင်းတို့ရဲ့ ပြည်သူလူထုအုံကြွပေါက်ကွဲအောင် စီမံလုပ်ဆောင်နေတဲ့ (Network) ဆောင်ရွက်မှုများကို ပြည်သူများရဲ့ ပူးပေါင်းကူညီမှုနဲ့ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တာဖြစ်ပါတယ်။ အလားတူပဲ ၇-၅-၂၀၀၅ ရက်နေ့ ဖောက်ခွဲမှုကိုလည်း မည်သူတွေရဲ့ ငွေကြေးပံ့ပိုးမှုနဲ့ မည်သူတွေက ကွပ်ကဲစီစဉ်ပြီး မည်သူတွေက ဖောက်ခွဲခဲ့တာဖြစ်တယ်ဆိုတာကို ပြည်သူများရဲ့ အကူအညီနဲ့ပဲ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြည်သူများရဲ့ အခုလို အမျိုးသားရေး အသိစိတ်ဓာတ်နဲ့ ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများကိုလည်း အထူးကျေးဇူးတင်တန်ဖိုးထားပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။

ဒါကြောင့်လည်း ပြည်တွင်းပြည်ပအကြမ်းဖက်အဖျက်သမားများရဲ့ အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ တားဆီးနိုင်ရန်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းကူညီဆောင်ရွက်မှု အထူးလိုအပ်ကြောင်းနဲ့ အလေးထားဖိတ်ခေါ်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့ သစ္စာစကားနဲ့အညီ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တည်းဟူသော အင်အားစုကြီးသုံးရပ် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တညီတညွတ်တည်း ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမယ်ဆိုရင် မည်သို့သော အခက်အခဲ ဘေးအန္တရာယ်ကိုမဆို မြေကြီးလက်ခတ်မလွဲ အောင်မြင်စွာတွန်းလှန်ချေမှုန်း ဖယ်ရှားသွားနိုင်မှာဖြစ်ကြောင်းကိုလည်း ဖြည့်စွက်ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

အကြမ်းဖက် အဖျက်သမားများဖြစ်ကြတဲ့ ပြည်ပြေးစိန်ဝင်း ဦးစီးတဲ့ NCGUB၊ မောင်မောင်(ခေါ်)ပြည်သစ်ညွှန့်ဝေဦးစီးတဲ့ FTUB၊ သံခဲဦးစီးတဲ့ ABSDF နဲ့ ရွက်ဆစ်ဦးစီးတဲ့ SSA အဖွဲ့များဟာ ယနေ့သတင်းစာရှင်းလင်းပွဲမှာရှင်းလင်းပြောကြားခဲ့တဲ့ လုပ်ရပ်များကိုသာမက ၎င်းတို့အဖွဲ့များရဲ့ သက်တမ်းတစ်လျှောက်လုံး ရက်စက်ယုတ်မာသော အကြမ်းဖက်လုပ်ရပ်များ၊ လူမဆန်သော ကောက်ကျစ်စဉ်းလဲတဲ့လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်ထောင်စုပြိုကွဲစေမယ့်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံနဲ့လူမျိုးအကျိုးကိုပစ်ပယ်ပြီး အမျိုးသားရေးကို သစ္စာဖောက်နေကြဦးမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုပြိုကွဲအောင်၊ ခေတ်သစ်ကျွန်ဘဝရောက်အောင် လုပ်နေကြဦးမှာဖြစ်ပါတယ်။ အကြမ်းဖက်အဖျက်လုပ်ရပ်များကို လက်ရဲဇက်ရဲ ဆက်လက်ကျူးလွန်ပြီး နိုင်ငံနဲ့လူမျိုး အလုံးစုံပျက်သုဉ်းရေးကိုသာ ရှေးရှုလုပ်ဆောင်နေကြဦးမှာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သို့ပါ၍ ပြည်ပြေးစိန်ဝင်းဦးစီးသော NCGUB၊ မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေဦးစီးသော FTUB၊ သံခဲဦးစီးသော ABSDF နဲ့ ရွက်ဆစ် ဦးစီးသော SSA ဆိုတဲ့ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့များကို နိုင်ငံတော်က မတရားသင်းအဖြစ်ကြေညာပြီးဆက်လက်အရေးယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

ဒီနေရာမှာ အလျဉ်းသင့်လို့ ယနေ့ နိုင်ငံတော်က ကျင့်သုံးနေတဲ့ သတင်းထုတ်ပြန်မှုအခြေအနေနဲ့ သဘောထားများကို ဆက်လက်ရှင်းလင်းပြောကြားလိုပါတယ်။ ယနေ့ကြွရောက်လာကြတဲ့ သတင်းစာဆရာကြီးများထံမှ သတင်းထုတ်ပြန်မှုများနဲ့ပတ်သက်လို့ တိုင်းပြည်နဲ့လူမျိုးအကျိုး၊ နိုင်ငံတော်အစိုးရနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအကျိုးကို မျှော်ကိုးပြီး အကြံပြုခဲ့ကြတဲ့ အကြံပြုချက်များကို လက်ခံရရှိပါတယ်။

အကြံပြုချက်များကတော့ "သတင်းထုတ်ပြန်ရာတွင် စောလေကောင်းလေ၊ လက်ဦးမှုရလေ ကောင်းလေဖြစ်ကြောင်း၊ မိမိတို့ဘက်က သတင်းထုတ်ပြန်မှုနောက်ကျသဖြင့် ဆန့်ကျင်ဘက်အဖွဲ့များက သတင်းမှားများဖြင့် လုပ်ကြံဖော်ပြပြီးမှ မိမိတို့က သတင်းမှန်များဖြင့် ပြန်လည်ရှင်းလင်းထုတ်ပြန်ရလျှင် မထိရောက်တော့ပါကြောင်း၊ သတင်းတန်ဖိုးလည်း လျော့နည်းသွားတတ်ပါကြောင်း၊ သို့ပါ၍ သတင်းများကို လက်ဦးမှုရယူကြေညာခြင်း၊ တိုင်းပြည်နှင့်လူမျိုးအပေါ်၊ အစိုးရအပေါ် ထိုးနှက်လာမည့် ကိစ္စများကို မိမိတို့ကဦးအောင် ကြိုတင်ရှင်းလင်းဖော်ပြခြင်း၊ မတရားစွပ်စွဲထိုးနှက်ခံရပါကလည်း ချက်ချင်းအမှန်တရားဖြင့် ဖော်ပြတုံ့ပြန်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း"ဟူ၍ ဖြစ်ပါတယ်။ သတင်းစာဆရာကြီးများရဲ့ ဒီအကြံပြုချက်များကို ကျွန်တော်တို့အနေဖြင့် လေးစားတန်ဖိုးထားပါကြောင်းနဲ့ ဆောင်ရွက်သင့်တာများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

စိစစ်ပြီးမှထုတ်ပြန်

ကျွန်တော်တို့အနေနဲ့သတင်းများထုတ်ပြန်ရာမှာအချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ဖော်ပြပေးနေသလို အချိန်အခါနဲ့အညီလည်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အချို့သတင်းများကျတော့လည်း သတင်းမှန်ကန်တိကျခြင်း ရှိ၊မရှိ စိစစ်ပြီးမှ ထုတ်ပြန်ရတာမို့ အနည်းငယ်နောက်ကျ တတ်တာမျိုး ရှိတတ်ပါတယ်။ ဒါ့အပြင် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးဖော်ထုတ်ရမယ့် ဖြစ်စဉ်သတင်းများကိုတော့ ပြီးပြတ်အောင် စစ်ဆေးဖော်ထုတ်အရေးယူပြီးမှ ထုတ်ပြန်ရတာမျိုးလည်း ရှိတတ်ပါတယ်။ ဒါကလည်း ဖြစ်စဉ်နဲ့ပတ်သက်တဲ့ ကွင်းဆက်များကို ဖော်ထုတ်အရေးယူခြင်းမပြုနိုင်မီ သတင်းထုတ်ပြန်လိုက်ပါက ဆက်လက်ဖော်ထုတ်အရေးယူရမယ့်ကိစ္စများမှာ အခက်အခဲဖြစ်သွားစေနိုင်တာမျိုးကြောင့် ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးမှာဆိုရင်တော့ ကွင်းဆက်များကိုဖော်ထုတ်အရေးယူပြီးမှသာ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။

ဥပမာအားဖြင့် ရန်ကုန်မြို့မှာ စွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားအခိုးခံရတဲ့ဖြစ်စဉ်သတင်းကို ဖြစ်ဖြစ်ချင်း ထုတ်ပြန်ခြင်းမပြုခဲ့ဘဲ အခု သတင်းစာရှင်းလင်းပွဲကျမှ ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် တရားခံကို ဖော်ထုတ်ဖမ်းဆီးရာမှာ ပိုမိုထိရောက်လွယ်ကူ အကျိုးရှိခဲ့တာကို တွေ့ရှိရပါတယ်။ ထိရောက်လွယ်ကူအကျိုးရှိပုံကိုရှင်းပြရရင် တရားခံဟာ သူခိုးယူလာတဲ့ စွယ်တော်ပွားနဲ့ ရွှေကလပ်ကို သူ့အတွက်အန္တရာယ်ကင်းစွာဖြင့် လုံလုံခြုံခြုံထုခွဲနိုင်ဖို့ အဲဒီစွယ်တော်အခိုးခံရတဲ့သတင်း သတင်းစာတွေထဲမှာပါပြီး၊မပြီး ရုပ်မြင်သံကြားနဲ့ ရေဒီယိုမှာ ကြေညာခြင်းရှိ၊မရှိ ဦးစွာစုံစမ်းတာတွေ့ရပါတယ်။ သဘောကတော့ ဒီသတင်းကို ပြည်သူတွေသိရှိနေခြင်း ရှိ၊မရှိ စုံစမ်းတာပါပဲ။ နိုင်ငံတော်က ဒီကိစ္စနဲ့စပ်လျဉ်းပြီး သတင်းထုတ်ပြန်ခြင်းမရှိသေးတာကို တွေ့တဲ့အခါ တရားခံက ဒီသတင်းကို ပြည်သူတွေမသိသေးဘူး၊ ဒါကြောင့် သူခိုးယူခဲ့တဲ့ စွယ်တော်ပွားနဲ့ ရွှေကလပ်ကို ထုခွဲရောင်းချရင်အန္တရာယ်မရှိနိုင်ဘူး၊ လုံခြုံနိုင်တယ်လို့ တွက်ဆခဲ့ပါတယ်။ အဲဒီလိုတွက်ဆပြီး ခိုးလာတဲ့ရွှေကလပ်ကို မန္တလေးနဲ့ တောင်ငူမြို့က ရွှေဆိုင်အချို့မှာ ဆက်သွယ်ရောင်းချခဲ့ပါတယ်။ ဒါကြောင့်တာဝန်ရှိသူများအနေနဲ့ သူခိုးကိုအလွယ်တကူဖမ်းဆီးနိုင်ခဲ့ပြီး စွယ်တော်ပွားနဲ့ ရွှေကလပ်တို့ကို ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ သို့ပါ၍ အခုလိုကွင်းဆက်အနေနဲ့ ဆက်လက်ဆောင်ရွက် ရမယ့် သတင်းများကိုတော့ ချက်ချင်းမထုတ်ပြန်ဘဲကွင်းဆက်များကို ဆက်စပ် ဖော်ထုတ်အရေးယူပြီးမှသာ ထုတ်ပြန်လျက်ရှိပါကြောင်း အသိပေးလိုပါတယ်။

အလားတူပဲ အမျိုးသားရေးအကျိုးစီးပွားအတွက် အလေးထားပြီး အချိန်ယူလေ့လာ ဆောင်ရွက်သင့်တဲ့ကိစ္စများမှာလည်း သတင်းကို အလျင်စလို ထုတ်ပြန်ခြင်းမပြုနိုင်တာတွေ ရှိတတ်ပါတယ်။ တချို့သတင်းများကျတော့လည်း ဒီသတင်းကို ထုတ်ပြန်လိုက်ခြင်းဖြင့် အကျိုးကျေးဇူးရတာထက် မလိုလားအပ်တဲ့ နောက်ဆက်တွဲဂယက်များ ဖြစ်ပေါ်ပြီး ပိုမိုအကျိုးမဲ့စေနိုင်တဲ့ အခြေအနေမျိုးတွေရှိတာမို့ ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်ရတာမျိုးလည်း ရှိတတ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ သတင်းများထုတ်ပြန်ရာမှာ အများပြည်သူအကျိုးနဲ့ နိုင်ငံ့အကျိုးကို ရှေးရှုဦးတည်ပြီး အဘက်ဘက်မှ သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့သတင်းစာဆရာကြီးများ၊ စာပေလောကသားများထံမှ အကြံဉာဏ်နဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားဖိတ်ခေါ်ပါကြောင်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

ယနေ့ကာလဟာ နိုင်ငံတော်အစိုးရအနေနဲ့ အခြေအနေ၊ အချိန်အခါ၊ အကြောင်းအကျိုးနဲ့ လိုက်လျောညီထွေစွာ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားအတွက် လျော်ကန်သင့်မြတ်အောင် သုံးသပ်ဆောင်ရွက်နေရချိန် ဖြစ်ပါတယ်။ ဒီလိုကာလမှာ ပြည်တွင်းပြည်ပမှ အဆိုးမြင်ဝါဒီများ၊ အဖျက်အမှောင့်လှုံ့ဆော်ရေးသမားများနဲ့ နောက်ကွယ်မှ ရည်ရွယ်ချက်အကြံအစည်ကြီးမားစွာနဲ့ ဆောင်ရွက်နေတဲ့ ပြည်ပသတင်းမီဒီယာတချို့က နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးမှုပျက်ပြားအောင်၊ ပြည်သူများစိုးရိမ်ထိတ်လန့်ချောက်ချားအောင်၊ အတွေးအမြင်အယူအဆ လမ်းလွဲမှားယွင်းအောင်၊ လူထုအုံကြွမှုဖြစ်လာပြီး အလုံးစုံပြိုကွဲပျက်စီးအောင် ကောလာဟလသတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ သပ်လျှိုသွေးခွဲသတင်းများ၊ သွေးထိုးမြှောက်ပင့်သတင်းများ၊ ပုံဖျက်ပုံသွင်းအပင်းထည့်ထားသော သတင်းများကို အဆက်မပြတ်တရစပ် ထုတ်လွှင့်လျက်ရှိနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းတုန်းကလည်း ဘီဘီစီအပါအဝင် တချို့သော ပြည်ပမီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သတင်းများ၊ သွေးထိုးမြှောက်ပင့်ပေးသောသတင်းများ၊ အလံရှူးသတင်းများ၊ ချိန်းဆို အချိန်ကိုက် အချက်ပေးသတင်းများ ထုတ်လွှင့်ပြီး ဆူပူမှုများ ပိုမိုကြီးမားပြင်းထန်လာအောင်၊ ဆူပူမှုမှသည် အကြမ်းဖက်မင်းမဲ့စရိုက်များသို့ ကူးပြောင်းပြီး တစ်နိုင်ငံလုံး ပြိုကွဲပျက်စီးအောင် မီးလောင်ရာလေပင့် လုပ်ဆောင်ခဲ့ကြတာကို အထူးသတိပြုကြရမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

၂၃-၈-၂၀၀၅ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်အချိန်မှာ ဘီဘီစီအသံလွှင့်ဌာနကနေပြီး နိုင်ငံတော်အကြီးအကဲများနဲ့ နိုင်ငံတော်နဲ့ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံထားတဲ့ သတင်းတစ်ပုဒ်နဲ့ နောက်ဆက်တွဲသုံးသပ်ချက် သတင်းများကို ဆက်တိုက်ထုတ်လွှင့်သွားခဲ့တာ အားလုံးကြားသိကြပြီးဖြစ်ပါလိမ့်မယ်။

ဒီလိုထုတ်လွှင့်သွားတဲ့အကြောင်းခြင်းရာဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့၊ အန္တရာယ်ကြီးမားတဲ့သတင်းမျိုးဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် ဒီလိုအရေးကြီးတဲ့၊ အန္တရာယ်ကြီးမားတဲ့သတင်းမျိုးကို ထုတ်လွှင့်တော့မယ်ဆိုရင် မီဒီယာကျင့်ဝတ်အရ သတင်းမှန်ကန်မှုရှိမရှိ၊ သတင်းအခြေအမြစ်ရှိမရှိ၊ သတင်းကျိုးကြောင်းဆီလျော်မှုရှိမရှိဆိုတာကို သာမန်သတင်းများမှာထက် ပိုမိုအလေးထားစိစစ်ပြီး မှန်ကန်တိကျခိုင်လုံမှသာ ထုတ်လွှင့်ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း ဘီဘီစီဟာ ထိုသို့ စိစစ်အတည်ပြုခြင်း အလျှင်းမရှိဘဲ ပြည်တွင်းပြည်ပ အဖျက်သမားများရဲ့ မဟုတ်မမှန်လုပ်ကြံသတင်းကို ထုတ်လွှင့်သွားခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ဘီဘီစီလို ကမ္ဘာကျော်သတင်းဌာနကြီးအနေဖြင့် မလုပ်သင့်မလုပ်ထိုက်သော အလုပ်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

အချိန်ကိုက်လုပ်ဆောင်

ဒါကြောင့် ဘီဘီစီရဲ့အဆိုပါသတင်းထုတ်လွှင့်မှုဟာ ရှေ့ပိုင်းမှာ ကျွန်တော်ရှင်းလင်း ပြောကြားခဲ့တဲ့ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားများရဲ့ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ပြည်ပြေးတိုက်ကွက်များနဲ့ တစ်ဆက်တစ်စပ်တည်း အချိန်ကိုက်လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိကြရမှာဖြစ်ပါတယ်။ သတင်းစာဆရာကြီးများအနေနဲ့ ရှေ့မီနောက်မီကာလများစွာ ဖြတ်သန်းပြီး အတွေ့အကြုံ ရင့်ကျက်လာသူများပီပီ ဘီဘီစီဟာ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်ခဲ့တယ်ဆိုတာ သဘောပေါက်ကြမှာဖြစ်ပါတယ်။

အလားတူပဲ ပြည်တွင်းရှိ နိုင်ငံရေးသမားများဟာလည်း ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ကြရတဲ့ နိုင်ငံရေးအတွေ့အကြုံ၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ဆူပူမှုများ တစ်နိုင်ငံလုံးပြန့်ပွား အရှိန်ပြင်းထန်အောင်၊ မင်းမဲ့စရိုက်များလွှမ်းမိုးပြီး တိုင်းပြည်အလုံးစုံပျက်သုဉ်းအောင် ဘီဘီစီနဲ့ အချို့သော မီဒီယာတို့က မိုးလုံးပြည့်မုသာဝါဒသတင်းများဖြင့် သွေးထိုးမြှောက်ပင့် ချိန်းချက်ချိန်ကိုက် ဆောင်ရွက်ခြင်းကို ခံခဲ့ကြရတဲ့ အတွေ့အကြုံများရှိပြီးသားမို့ ဘီဘီစီရဲ့ အခုထုတ်လွှင့်ချက်ဟာ အကြမ်းဖက်သမားများရဲ့ လူထုအုံကြွမှု အစီအမံနှင့်အတူ ချိန်ကိုက်လှုံ့ဆော်ပေးမှုသာဖြစ်တယ်ဆိုတာကို အစကတည်းက သိရှိနားလည်ပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း တချို့သောနိုင်ငံရေးသမားဆိုသူများက ဘီဘီစီရဲ့ ထုတ်လွှင့်ချက်အပေါ် အာရ်အက်ဖ်အေ၊ ဒီဗွီဘီ၊ ဗွီအိုအေ စတဲ့ သတင်းဌာနများနဲ့ အမေးအဖြေလုပ်ပြီး အမျိုးမျိုးပြောဆိုထုတ်လွှင့်ကာ မီးလောင်ရာလေပင့်ခဲ့ကြပြန်ပါတယ်။ ဒါတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဝမ်းနည်းစရာပဲလို့ ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-

ယနေ့ နိုင်ငံတော်ရဲ့ ဦးစီးခေါင်းဆောင်နေမှုအခြေအနေကို အားလုံးသိရှိနိုင်အောင် ထပ်မံရှင်းပြရရင် ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်ခန်းမမှာ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ ပြောကြားခဲ့တဲ့ ပြောကြားချက်များကို ပြန်လည်ကိုးကားထုတ်နုတ်ဖော်ပြရမှာဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များက "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် စုပေါင်းဦးဆောင်မှု၊ မိမိကျရာတာဝန်ကို တစ်ဦးချင်းတာဝန်ယူမှု စသည့်မူဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှု၊ လမ်းညွှန်မှု၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၏ စုပေါင်းတာဝန်ယူမှု၊ အားလုံးစုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်၍ နိုင်ငံတော်မူဝါဒများ၊ နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်ကြောင်း၊ ထိုမူဝါဒများကို နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာနများက လက်တွေ့အကောင်အထည်ဖော်ခြင်း၊

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❐

အစိုးရအနေနဲ့ အလုပ်သမားကိစ္စများနဲ့ပတ်သက်ရင် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေ
ငွေစက္ကူအတုပေါ်တဲ့ကိစ္စ နိုင်ငံတော်အနေနဲ့ နိုင်နိုင်နင်းနင်း အကုန်လုံးဖမ်းဆီးထိန်းသိမ်းနိုင်

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)ကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ခိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်၍ သတင်းရယူခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့၏ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခြား သိလိုရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့ မေးမြန်းချက်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အန်တာရာသတင်းဌာနမှ ဦးလှထွေး

သတင်းတစ်ခုကို အချိန်မီထုတ်လွှင့်တာ လူထုလည်း မနစ်နာပါဘူး၊ ခုနက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိစ္စမှာ ဒါဟာ အခုလိုပြောလိုက်တာ ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်၊ အခုလိုပြောလိုက်တယ် ဆိုတာတောင် ကျွန်တော့်အမြင် ရှင်းရှင်းပြောရင် နည်းနည်းလေးများ နောက်ကျနေမလား လို့၊ ကုန်ဈေးနှုန်းတွေ အကုန်တက်ကုန်ပါပြီ၊ ကျွန်တော်တို့ ကြက်ဥတစ်လုံး၊ ဘဲဥတစ်လုံးဟာ ၅၀ အခု ၇၅ ကျပ်၊ ၅၀ percents လောက်တက်သွားတယ်၊ ဒါပေမယ့် အချိန်မီ အခုလိုပြောလိုက်တဲ့အတွက်ကြောင့် ကျွန်တော်ထင်တယ်၊ ရွှေဈေးတက်တာ၊ ဒေါ်လာဈေးတက်တာကတော့ ဒါဟာ Well to do တတ်နိုင်တဲ့လူတွေအတွက် ဝယ်ကြတာပဲ၊ ဒါပေမယ့် Consumer Goods အများသုံး စားသုံးကုန်တွေ တက်တာကတော့ လူထုနစ်နာပါတယ်၊ အဲဒီတော့ နောက် သတင်းတစ်ခု မေးပါရစေ၊ အဲဒါက မကြာသေးခင်က ကျင်းပခဲ့တဲ့ Myanmar War Veteran Organization စစ်မှုထမ်းဟောင်းအသင်းဟာ နိုင်ငံတော်ရဲ့၊ တပ်မတော်ရဲ့ Auxiliary force အရန်အင်အားစုလည်း ခေါ်ပါတယ်၊ နောက်တစ်ခါ Myanmar Womens Affairs Federation ဒီ အဖွဲ့ကြီးနှစ်ဖွဲ့ဟာ မကြာသေးမီက စည်းဝေးပြီးတော့ ILOမှ မြန်မာနိုင်ငံကို အမြန်နုတ်သိမ်းဖို့ ပြင်းပြင်းထန်ထန် တောင်းဆိုနေကြပါတယ်၊ အဲဒီတော့ အဲဒီလိုတောင်းဆို တာနဲ့ တစ်ပြိုင်နက်တည်းပဲ ဘာလို့ ကုန်ဈေးနှုန်းတွေဟာ ဒါနဲ့သက်ဆိုင်သလဲဆိုရင်၊ ဒီလို ILO နဲ့ သပိတ်မှောက် မယ်ဆိုရင်၊ ILOမှ မြန်မာနိုင်ငံကို ရုပ်သိမ်းလိုက်မယ်ဆိုရင် တို့ ကုန်ပစ္စည်းတွေမှာ နိုင်ငံခြားက အလုပ်သမားတွေဟာ တင်ပေးပါတော့မလား၊ သို့မဟုတ် Made in Myanmar ဆိုတဲ့ ကုန်ပစ္စည်းကို ILO အဖွဲ့ဝင်ဖြစ်တဲ့ Trade Union တွေက ကုန်ပစ္စည်းတွေကို ချပေးပါ့မလား၊ Foreign Ports တွေမှာ၊ အဲဒီလို အတွေးအခေါ်တွေနဲ့ ကုန်ဈေးနှုန်း တက်ရခြင်း အကြောင်းတစ်ရပ်က ဒါပါပဲ၊ အဲဒီတော့ ကျွန်တော့်မေးခွန်းက တိုတိုနဲ့ရှင်းရှင်းပါပဲ၊ ကျွန်တော်တို့ အစိုးရအနေနဲ့ ILO က ထွက်ဖို့ ဆုံးဖြတ်ပြီးပြီလား၊ သို့မဟုတ် ကျွန်တော်တို့အစိုးရအနေနဲ့ ILO မှ ထွက်ဖို့ Seriously Consider လုပ်နေပါသလား၊ သို့မဟုတ် ကျွန်တော်တို့ အစိုးရအနေနဲ့ ILO က ထွက်ရန် ပြင်ဆင်မှုများ လုပ်နေပါပြီလား။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးလှထွေးကိုရော၊ သတင်းစာဆရာကြီးများနဲ့ စာပေလောကသားများ အားလုံးကိုရော အထူးကျေးဇူးတင်ပါတယ်။ ဦးလှထွေး ရှင်းလင်းပြောကြားသွားတာဟာ၊ မေးသွားတာဟာ နှစ်ပိုင်းဖြစ်ပါတယ်။ တစ်ပိုင်းကတော့ BBC ရဲ့ လုပ်ကြံဖန်တီးထုတ်လွှင့်တဲ့ကိစ္စကို အခုလို ရှင်းလင်းပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ကြောင်းနဲ့ ဖြစ်နိုင်ရင် နောင်ကို ဒီ့ထက်စောစောလေး ထုတ်လွှင့်ပေးဖို့၊ ရှင်းလင်းပေးဖို့ဆိုပြီးတော့ ပြောကြားသွားတာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်းပဲ စောစောက ကျွန်တော် ဆွေးနွေးတင်ပြခဲ့တာ ရှိပါတယ်။ အဘက်ဘက်က အခြေအနေအရပ်ရပ်ကို သုံးသပ်ဆောင်ရွက်လျက်ရှိတာမို့ ဒီဆွေးနွေးချက်နှင့် ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ အလေးထားပြီးတော့ နောက်နောင်မှာ သုံးသပ်ပြီးတော့ ဆောင်ရွက်သွားပါ့မယ်ဆိုတာကို ဖြေလိုပါတယ်။ ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့လည်းပဲ ပြည့်ပြည့်စုံစုံလေး ရှင်းလင်းပေးချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာ့နိုင်ငံ အသီးသီး၊ ILO အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂနဲ့ လက်အောက်ခံ အဖွဲ့အစည်းများနဲ့ ရင်းနှီးစွာ ဆက်ဆံပါဝင် ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ရည်ရွယ်ချက်နှစ်ရပ်ထားပြီး ကျွန်တော်တို့ ဆောင်ရွက်တာဖြစ်ပါတယ်။ နံပါတ်တစ်ကတော့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်ခု ဖြစ်ပါတယ်။ အဲဒီလို မိသားစုဝင် နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ မိမိတို့ရဲ့ နိုင်ငံတကာမိသားစုတာဝန်ကို ပါဝင်ထမ်းဆောင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်အရ အခုလို ရင်းရင်းနှီးနှီး ဆက်ဆံ ပူးပေါင်းပါဝင် ဆောင်ရွက်ဖြစ်ပါတယ်၊ နံပါတ်နှစ် ရည်ရွယ်ချက်ကတော့ အခုလို ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှာလည်းပဲ အကျိုးဖြစ်အောင်၊ အကျိုးရအောင်၊ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ အကျိုးကျေးဇူးဖြစ်ထွန်း ရရှိအောင်၊ နိုင်ငံတစ်ခုနဲ့ ဆက်ဆံတယ်ဆိုရင်လည်းပဲ အဲဒီ မိတ်ဖက်နိုင်ငံမှာလည်း အကျိုးရအောင် ကျွန်တော်တို့ နိုင်ငံမှာလည်း အကျိုးတရားရအောင်၊ NGO အဖွဲ့တစ်ခုနဲ့ ဆက်စပ်ဆောင်ရွက်တာဆိုရင်လည်း အဲဒီ NGO အဖွဲ့ အစည်းမှာလည်း အကျိုးကျေးဇူးရအောင်၊ ကျွန်တော်တို့ နိုင်ငံမှာလည်း အကျိုးကျေးဇူးရအောင်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဆက်ဆံပါဝင် ပူးပေါင်း ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်များအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံဟာ ILO မှာအဖွဲ့ဝင်အဖြစ် ပါဝင်ပြီးတော့ ပူးပေါင်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကနေ့ အခါမှာ သတင်းစာဆရာကြီးများ သိရှိပြီးသားဖြစ်တဲ့အတိုင်း ILO အဖွဲ့အစည်းဟာ စောစောက ဆွေးနွေးခဲ့တဲ့အထဲမှာ ပါတဲ့ အထူးသဖြင့် ပြည်တွင်းပြည်ပ အဖျက်သမားများ ဖြစ်တဲ့ FTUB မောင်မောင်နဲ့ အခြားအဖွဲ့ အစည်းတွေဆီက ရတဲ့ မှားယွင်းတဲ့သတင်းတွေကို အခြေခံပြီးတော့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအပေါ်မှာ မျှမျှတတ မရှိပါဘူး။ အကြောင်းအမျိုးမျိုးပြပြီးတော့ ဖိနှိပ်ဆောင်ရွက်ခဲ့တာ တွေရှိပါတယ်။ ဆုံးဖြတ်ချက်အမျိုးမျိုးတွေ ချပြီးတော့ ကျွန်တော်တို့နိုင်ငံ နစ်နာအောင် ဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ ဒါကြောင့်လည်းပဲ နိုင်ငံတော်နဲ့ ပြည်သူမှာ နစ်နာမှုတွေ ရရှိခံစားခဲ့ရပါတယ်။ အဲဒီလိုနစ်နာမှုတွေ ရရှိခံစားခဲ့ရတာရယ်၊ မမှန်မကန် မမျှမတ တစ်ဖက်သတ် ဆောင်ရွက်ခံခဲ့ရတာတွေကြောင့် ပြည်သူသန်းပေါင်း မြောက်မြားစွာ ပါဝင်နေတဲ့ စောစောက ပြောခဲ့တဲ့ NGO အဖွဲ့များအနေနဲ့က အခုလို သူတို့ရဲ့ခံစားချက်တွေကို ထုတ်ဖော်တယ်။ ပြီးခဲ့တဲ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ ILO ကနေ နုတ်ထွက်ပေးပါလို့ သူတို့ရဲ့ ဆန္ဒသဘောထားများကို တင်ပြဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့လည်း အလုပ်သမားကိစ္စများနဲ့ ပတ်သက်ပြီးတော့ ILO က ထင်မြင်ယူဆနေတဲ့အတိုင်း မဟုတ်ဘဲနဲ့ စည်းနဲ့ကမ်းနဲ့ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနေတဲ့ အဖြစ်မှန်၊ အခြေအနေမှန်များကို ILO ဆီကို တရားဝင် ရှင်းလင်းပြန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ILO အနေနဲ့ သတင်းမှားများအပေါ်မှာ အခြေခံ ဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ နစ်နာမှုတွေ၊ ဆုံးရှုံးမှုတွေ၊ အဲဒီလို နစ်နာဆုံးရှုံးမှုတွေအရ ပြည်သူသန်းပေါင်း များစွာ ပါဝင်တဲ့ NGO အဖွဲ့အစည်းများက ILO ကနေပြီးတော့ မြန်မာနိုင်ငံ နုတ်ထွက်ပေးပါလို့ တောင်းဆိုနေမှုတွေကို သူတို့ သိရှိပြီးဖြစ်ပါလိမ့်မယ်။ အလားတူပဲ နိုင်ငံတော်အစိုးရက ပြန်လည်ပြီးတော့ ရှင်းလင်းပြတဲ့ အစိုးရအနေနဲ့ အလုပ်သမားကိစ္စများနဲ့ ပတ်သက်ရင် မှန်မှန်ကန်ကန် စည်းမျဉ်းစည်းကမ်းဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေမှုတွေကိုလည်း သူတို့သိရှိပြီး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ သူတို့အနေနဲ့ မှန်မှန်ကန်ကန် မျှမျှတတ ပြန်လည် ဆောင်ရွက်လာလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင် သားရွှေအိုးထမ်းလာတဲ့ သဘောအတိုင်းပဲ အင်မတန် ဝမ်းမြောက်ဖို့ကောင်းမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆန်ကေရှင်ဘွန်းမှ ဒေါက်တာဇော်သန်း

ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် မေးချင်တာ တစ်ခုရှိပါတယ်။ ကျွန်တော်က ဒေါက်တာ ဇော်သန်းပါ။ ဆန်ကေရှင်ဘွန်း သတင်းဌာနက သတင်း ထောက်ပါ။ ပြင်ပလောကမှာ တော်တော်များများ ကုန်ဈေးနှုန်းအပေါ်မှာ ရိုက်ခတ်မှုရှိတဲ့ ကောလာဟလ သတင်းတစ်ခု ရှိပါတယ်။ အဲဒါကတော့ တစ်ထောင်တန် ငွေစက္ကူနဲ့ ပတ်သက်ပြီးတော့ အတုတွေမိတယ်။ စက်တွေကို မိတယ်ဆိုပြီးတော့ တော်တော်လေး သတင်းပျံ့နှံ့နေတဲ့ အတွက်ကြောင့် ပြင်ပကုန်ဈေးနှုန်းပေါ်မှာ သော်လည်း ကောင်း၊ နိုင်ငံခြားငွေ လဲလှယ်မှုမှာ သော်လည်းကောင်း၊ တော်တော်လေး ရိုက်ခတ်မှုတွေရှိပါတယ်။ အဲဒါနဲ့ ပတ်သက် ပြီးတော့ နည်းနည်းရှင်းပြပေးပါလို့ ကျွန်တော်မေးချင် ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

ကျွန်တော်ဒီမှာလာပြီးတော့ ရှင်းတဲ့အကြောင်းကတော့ ကနေ့ပြောနေကြတဲ့ ကုန်ဈေးနှုန်းတို့၊ ကောလာဟလတို့ အပိုင်းမှာလည်း ဒီငွေစက္ကူကိစ္စ တော်တော်လေး ပါနေ ပါတယ်။ ဒီငွေစက္ကူကိစ္စနဲ့ ပတ်သက်လို့ ဖြစ်စဉ်လေးခု ရှိပါတယ်။ ပထမဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ စဉ့်ကိုင်မြို့မှာ ဖြစ်ပါတယ်။ ကျောက်ဆည်ခရိုင်အတွင်းမှာရှိတဲ့ စဉ့်ကိုင်မြို့မှာ ဖြစ်တာဖြစ်ပါတယ်။ ဖြစ်ပုံက မေလအတွင်းမှာ စဉ့်ကိုင် မြို့နယ်မှာရှိတဲ့ သပြေရိုးကျေးရွာမှာနေတဲ့ ဦးမြင့်လွင်ထံကို မန္တလေး မြတောင်ကျောင်းတိုက်၊ ရွှေဝါဝင်းကျောင်းက ဦးအိန္ဒာစာရ(ခ)နိုင်ဝင်း (၃၀)နှစ်ဟာ ရောက်လာပါတယ်။ မေလအတွင်းမှာ ရောက်လာပြီးတော့မှ သူကနေစပြီး ငွေစက္ကူအသေး အချပ်သေးနှစ်ရွက်ကို ပြပြီးတော့ ဒါကို သုံးပေးပါ။ တစ်ရွက်ကို လေးရာ၊ ငါးရာဈေးနှုန်းနဲ့ ပေးပါမယ် ဆိုပြီးတော့ ရောင်းကြ၊ဝယ်ကြ အလုပ်စဖြစ်တယ်။ အဲဒါကို ဇာတ်လမ်းလိုက်တဲ့အခါမှာ (၈-၇-၂၀၀၅)ရက်နေ့ နေ့ခင်း ၂ နာရီခွဲမှာ တစ်ထောင်တန် ငွေစက္ကူအသေးအတုအားလုံး ငါးရာ့သုံးရွက်နဲ့ စပြီးတော့ နောက်ဆုံးပိတ်မိလိုက်ပါတယ်။ ပထမတစ်ကြိမ်မှာ ငွေစက္ကူအသေး ၉၂၄ ရွက်လုပ်တဲ့အခါမှာ ၈၃၄ ရွက်ကို ကျွန်တော်တို့ ပိုင်ပိုင်နိုင်နိုင် သိမ်းဆည်း ရမိလိုက်ပါတယ်။ ဒုတိယအကြိမ်ကတော့ ရန်ကုန်မြို့ပေါ်မှာ ဖြစ်တာ ဖြစ်ပါတယ်။ ဒါကတော့ Computer Effect တွေသုံးပြီးတော့ လုပ်ကြတဲ့ သဘောဖြစ်ပါတယ်။ ၂၄-၇-၂၀၀၅ ရက်နေ့မှာ တစ်ထောင်တန် ငွေစက္ကူအကြီးအတုတွေ ဖမ်းမိခြင်းဖြစ်ပါတယ်။ အဲဒါကတော့ သာကေတမြို့နယ် အနောက်ရပ်ကွက် Northern Star တည်းခိုခန်းမှာ တည်းခိုနေတဲ့ အောင်ဇော်ထွန်း(ခ)အီဆာ (၂၈)နှစ် အဘ ဦးထွန်းကြည် မင်္ဂလာတောင်ညွန့်ထံမှနေပြီးတော့ သိမ်းဆည်း မိခြင်း ဖြစ်ပါတယ်။ အရွက် ၂၆၀ အခု မိပါတယ်။ တတိယဖြစ်စဉ်က ရွှေပြည်သာမြို့နယ်က ဇီးကုန်းရွာမှာ တစ်ထောင်တန် ငွေစက္ကူအသေးငါးရွက်မိခြင်းဖြစ်ပါတယ်။ မိတဲ့သူကတော့ ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ ဓေယျ သုခလမ်းမှာနေတဲ့ မသန္တာ(၂၅)နှစ် အဘ ဦးသန်းညွန့်ဆီက ရခြင်းဖြစ်ပါတယ်။ အဲဒါကလည်း Computer Effect ပဲဖြစ်ပါတယ်။ မိတဲ့ရက်ကတော့ ၂၉-၇-၂၀၀၅ ရက်နေ့မှာ မိပါတယ်။ မိတဲ့အခါမှာ သူ့ရဲ့ဇာတ်လမ်းကို ပြန်ပြီးလိုက် တဲ့အခါမှာ ကောင်မလေးအနေနဲ့ စာရိတ္တမကောင်းတဲ့ အတွက်ကြောင့် မင်းသွေး(ခ) အောင်ကျော်ဦး(ခ) ရာမန်း အသက်(၂၁)နှစ် အဘ ဦးကျော်မင်းလွင်ဆီကနေ သူက ရတယ်လို့ ဖော်ထုတ်ရရှိပါတယ်။ အဲဒီရာမန်းကို ကျွန်တော် တို့ ချက်ချင်းသတင်းရတဲ့အချိန်ကစပြီး ဖော်ထုတ်လိုက်တဲ့ အခါမှာ ရာမန်းက ၆-၈-၂၀၀၅ ရက်နေ့မှာ ကျွန်တော်တို့ မိတယ်။ သူ့ဆီကတော့ စုစုပေါင်း ခုနက ကျွန်တော်ပြောခဲ့တဲ့ ကျပ်တစ်ထောင်တန် ငွေစက္ကူအသေးအတု ၂၅ရွက် မိပါ တယ်။ သူ့ဆီက Computer တွေရော Printer ရော ဆက်စပ်ပစ္စည်းအမျိုး ၂၀၊ နောက် သူ့ရဲ့ ဒီလုပ်ငန်းမှာသုံးတဲ့ ပစ္စည်းအချို့နဲ့အတူ ကျွန်တော်တို့ ဖော်ထုတ်ရမိခဲ့ပါတယ်။ အများစိတ်ဝင်စားမယ့်ကိစ္စပြောရရင်တော့ စတုတ္ထအကြိမ် မိခြင်းဖြစ်ပါတယ်။ အဲဒါကတော့ မြဝတီမြို့မှာမိတာ ဖြစ်ပါ တယ်။ မိတဲ့နေ့က ကျွန်တော်တို့ ၂၂-၇-၂၀၀၅ ရက်နေ့မှာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံသားသုံးဦးဟာ မဲဆောက်ကနေ ပြီးတော့ မြဝတီဂိတ်ကိုကူးလာပါတယ်။ ဂိတ်အမှတ်(၁၃)မှာ သူတို့လာပါတယ်။ ပြီးတော့ ရော်ဘာကုန်ကြမ်း၊ ရော်ဘာ ပြားကို ဝယ်ပါတယ်။ ကြိုတင်ညှိနှိုင်းချက်အရ ဝယ်တဲ့ အခါမှာ ငွေချေတဲ့အချိန်မှာ ငွေကိုအစစ်မပေးဘဲနဲ့ တစ်ဖက် နိုင်ငံအတွင်းမှာပဲ ရိုက်နှိပ်ထားတဲ့ ငွေစက္ကူဆိုက်ကြီး ဖြစ်ပါ တယ်။ ငွေစက္ကူအကြီးအတု စုစုပေါင်း ၄၇၂၀ ရွက်၊ ဒါကို ကျွန်တော်တို့ဖမ်းမိခဲ့ပါတယ်။ လက်ရှိ အဲဒါတွေကလည်း တရားခံသုံးဦးနဲ့အတူ ငွေအားလုံးကို ကျွန်တော်တို့ဖော်ထုတ် ရရှိခဲ့ပါတယ်။ ၎င်းတို့နဲ့အတူ လက်ကိုင်ဖုန်း သုံးလုံး၊ ဘတ်ငွေတစ်ရာတန်တစ်ရွက်၊ စာရွက်စာတမ်း၊ လူသုံးဦး ဖြစ်ပါတယ်။ လူနဲ့ပတ်သက်လို့လည်း သက်ဆိုင်ရာ နိုင်ငံ များကို တရားဝင်ပြောကြားပြီးတော့ မိခဲ့တဲ့ဖြစ်စဉ် ဖြစ်ပါ တယ်။ ဒီမှာလည်း ကျွန်တော်တို့ပြောချင်တာက ငွေစက္ကူနဲ့ ပတ်သက်လာရင် အသေးဆိုက်ပဲဖြစ်ဖြစ်၊ အကြီးဆိုက်ပဲ ဖြစ်ဖြစ် တူမယ်ထင်လို့တုကြပေမယ့် မတူပါဘူး။ ငွေစက္ကူ နှစ်ခုကို ဒီလိုယှဉ်ပြီးကြည့်လိုက်လို့ရှိရင်ကို ကျွန်တော်တို့ နိုင်ငံတော်ကထုတ်တဲ့ ငွေစက္ကူနဲ့ လာတဲ့အတုဟာ သိသိ သာသာကို လူသာမန်မျက်စိနဲ့ကို ယှဉ်ထုတ်နိုင်တဲ့၊ ခွဲထုတ် နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါဟာလည်းပဲ နိုင်ငံတော် အပေါ်မှာရော၊ ပြည်သူလူထုအပေါ်မှာရော စီးပွားရေးအရ တိုက်ကွက်တစ်ခုအဖြစ် ဖန်တီးဆောင်ရွက်တာမျိုးဖြစ်ပါ တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ဆွေးနွေးပြီးတော့ ပြန်ကြားလိုပါတယ်။ ဒီလောက်ပါပဲ။ အားလုံးကျေးဇူးတင် ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျွန်တော်တို့ ငွေစက္ကူကိစ္စရယ်၊ ကုန်ဈေးနှုန်းကိစ္စရယ် နည်းနည်းလေး ဖြည့်စွက်လိုပါတယ်။ အဲဒီတော့ အခု ငွေစက္ကူအတုတွေပေါ်တယ်ဆိုတာ မှန်ပါတယ်။ သို့သော် လည်းပဲ ဒီကိစ္စတွေအားလုံးကို နိုင်ငံတော်အနေနဲ့ နိုင်နိုင် နင်းနင်း ထိထိရောက်ရောက် အကုန်လုံးကို ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ စိုးရိမ်စရာ တစ်စုံ တစ်ရာမရှိဘူးဆိုတာကို ကျွန်တော်တို့ အတိအလင်း ပြောလိုပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသား၊ နိုင်ငံသား ကုန်သည်များအနေနဲ့ကလည်းပဲ BBC က ထုတ်လွှင့်သွား လို့ဖြစ်ပေါ်လာတဲ့ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ●



အန်တာရာသတင်းဌာနမှ ဦးလှထွေး မေးမြန်းစဉ်။
(သတင်းစဉ်)

ဆန်ကေရှင်ဘွန်းမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။
(သတင်းစဉ်)



အင်န်တီဗွီသတင်းဌာနမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။
(သတင်းစဉ်)

ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်ကို အပြည့်အဝယုံကြည်ချက်နဲ့ ဆောင်ရွက်နေ ဥပဒေနဲ့မညီညွတ်တာများရှိရင်လည်း ပြည်သူများက အချိန်မရွေး အသိပေးအကြောင်းကြား

● စာမျက်နှာ ၁၂ မှ

ကောလာဟလမျိုးတွေ၊ နောက်တစ်ခါ မိမိတို့ရဲ့ နစ်နာမှု အပေါ်မူတည်ပြီးတော့မှ NGO အဖွဲ့အစည်းအသီးသီးက ပြောဆိုဆောင်ရွက်မှုတွေ၊ နောက်အခုလို ငွေစက္ကူအတု ပေါ်တယ်။ ဒါတွေကိုဖမ်းဆီးရမိမှုရှိတယ်စတဲ့ အကြောင်း အရာအချက်တွေပေါ်မူတည်ပြီးတော့ ဈေးကစားတာတွေ၊ ဈေးနှုန်းကိုမြှင့်တင်တာတွေ ဒါမရှိအပ်ပါဘူး။ ကောလာ ဟလတွေအကြောင်းအရာတွေနဲ့ ကုန်ဈေးနှုန်းရဲ့ ဈေးနှုန်းနဲ့ ဘယ်လိုမှ မဆိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကုန်ပစ္စည်းတွေကို ရောင်းဝယ်ဖောက်ကားနေကြတဲ့ ကုန်သည်များ၊ လုပ်ငန်း ရှင်များအားလုံးဟာလည်း တိုင်းရင်းသားများနဲ့ နိုင်ငံသား များပဲဖြစ်ပါတယ်။ မည်သည့်တိုင်းရင်းသားနဲ့ မည်သည့် နိုင်ငံသားမဆို တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးတန်ဖိုး ထားကြတဲ့ လူတွေချည်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကောလာဟလတွေ၊ ဒီလိုအကြောင်းအရာလေးတွေကို အခြေခံပြီးတော့ ကုန်ဈေးနှုန်းကို ကစားတာတွေကို လုပ်ဖို့ မသင့်ဘူးဆိုတာကို ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။ စောစောက ပြည်ထဲရေးဝန်ကြီး ရှင်းလင်းခဲ့တဲ့ ငွေစက္ကူအတုနဲ့ပတ်သက်လို့လည်းပဲ ကနေ့ အခါမှာ အားလုံးကျွန်တော်တို့ဖမ်းဆီးအရေးယူ ရှင်းလင်း ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီးတော့ တစ်စုံ တစ်ရာထပ်မံစိုးရိမ်ဖွယ်မရှိဘူးဆိုတာကို အတိအလင်း ဖြည့်စွက်ပြီးတော့ ကျွန်တော်ပြောကြားလိုပါတယ်။ ကျေးဇူး တင်ပါတယ်။

နီပွန်တယ်လီဖေးရှင်းမှ ဦးအောင်ရွှေဦး

ဒီနေ့ဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီရဲလုပ်ငန်း Police Power & Duty နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေကို တင်ပြရာမှာ အလွန်မှကြည်လင်ပါတယ်၊ ပြတ်သားပါတယ်၊ ပြည့်စုံပါတယ်၊ ကျစ်လျစ်ပါတယ်၊ ပြီးတော့ နှေးကွေးတယ်လို့ မဆိုလိုပါဘူး၊ အားလုံးလည်းပဲ ရှင်းသွားပြီဖြစ်ပါတယ်၊ နောက်တစ်ခါ ဒီကျွန်တော်တို့ သတင်းပြန်ကြားရေးဥက္ကဋ္ဌ ကနေပြီးတော့ ပြည်သူရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ဖော်ထုတ်ပြောဆိုသွားတာလည်းပဲ အလွန်ကောင်းပါတယ်။

ပူးပေါင်းဆောင်ရွက်တာဟာလည်းပဲ ရဲတပ်ဖွဲ့ရဲ့ ဆက်ဆံမှု တိုးတက်ပြောင်းမြောက်လာခြင်းကြောင့်လို့မြင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီရဲတပ်ဖွဲ့နဲ့ ပတ်သက်လာခဲ့လို့ရှိရင် အချို့ကဘယ်လိုမြင်လဲဆိုတော့အဲဒီလူကိုအရင်ဖမ်း၊ ကားပေါ်တက်၊ အဲဒီလိုဖြစ်လာတဲ့အခါမှာ ဒီလူတွေက မပြောချင် မဆိုချင်ဘူး၊ သက်သေခံ အတင်းအဓမ္မခေါ်မယ်၊ ဘာဖြစ်မယ် ပြီးတော့ နောက်ပြီးတော့ ပြန်လည်းမလွှတ်ပေးဘူး၊ ထမင်း လည်း မစားရသေးဘူး၊ ဒီလိုဟာမျိုးတွေဖြစ်တတ်တာလည်း ရှိပါတယ်။ ဒီဥစ္စာက အောက်မှာဆောင်ရွက်တဲ့အပိုင်း Operative ဖြစ် အပိုင်းဖြစ်ပါတယ်၊ ဒါတွေကို သတိထား လေလေ ရဲတပ်ဖွဲ့ရဲ့ အောင်မြင်မှုကလည်း များလေလေ ဖြစ်မှာပါ၊ ကျွန်တော်က တင်ပြစရာတစ်ခုကို တစ်လ ကျော်ကျော်ဆိုင်းပြီးစောင့်လာခဲ့ပါတယ်၊ အခုတော့ ဒီမှာကြုံလို့ တင်ပြမှာ ဖြစ်ပါတယ် ဒါကဘာလဲဆိုတော့ တောင်ဥက္ကလာ မှာနေပြီးတော့ ချင်းပြည်နယ်က အမျိုးသမီး၂၀ခန့်ကို တစ်ခါ တည်း ခေါ်လာပြီးတော့ စင်ကာပူမှာ အလုပ်ရအောင်လုပ်ပေး မယ်ဆိုတဲ့ ကိစ္စတစ်ခုပေါ်ပေါက်ခဲ့တယ်။ ပေါ်ပေါက်ခဲ့တဲ့ လူကလည်းပဲ Agent တင်တယ်၊ Agent က သုံးခါ လောက်လုပ်တဲ့ အခါကျတော့ သတင်းစာထဲမှာ အမျိုးသမီး အရောင်းအဝယ်၊ လူအရောင်းအဝယ်ကိစ္စတွေ တအားပါ လာတဲ့အခါ Agent လက်မခံရဲတော့ဘူး၊ သူအဲဒီမှာပါလာတဲ့ မိန်းကလေးတစ်ယောက်က အိမ်ငှားဖို့လုပ်တယ်၊ ပထမ တစ်အိမ်သွားတော့၊ မကြိုက်ဘူး၊ နောက်တစ်အိမ်ကိုသွားတော့ ကြိုက်တယ်ဆိုပြီး လက်ခံလိုက်တယ်၊ ဒါပေမယ့် အကုန်လုံး ဖမ်း၊ အဖမ်းခံရတယ် အကြာကြီးဖမ်းထားတယ်၊ တစ်လ နှစ်လကျော်ပါတယ်၊ အဲလိုကျော်တဲ့အခါမှာ လူဆိုတာ အဖမ်းခံရတာ မလိုချင်ဘူး၊ ထောင်ကြီးသွားရမယ်ဆိုတော့ ပိုကြောက်တယ်၊ အခုတော့ သူ့နည်းသူ့ဟန်နဲ့ကြိုးစားလို့ သက်သေဖြစ်သွားတယ်၊ ဒီလိုကိစ္စမျိုးကမဖြစ်သင့်ဘူး၊ အစတည်းက သက်သေဖြစ်ဖို့ကောင်းတယ်၊ ဒီလိုဟာမျိုး တွေနည်းလာမယ်ဆိုရင် ရဲတပ်ဖွဲ့ရဲ့ ဩဇာသိက္ခာ တိက္ကမဟာ ဒီထက်မက မြင့်မားလာမှာပါ၊ သက်သေခံကိစ္စနဲ့ ပတ်သက်လို့ မနစ်နာသင့်တဲ့လူ၊ မနစ်နာအောင် သက်သေခံချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်ပေါက်လာအောင် သတင်းတွေ ပီပြင်အောင်၊ ဒီထက်မက တိုးတက်အောင်မြင်မှုရရှိအောင် ဘယ်လိုဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ၊ အဲဒါတွေကို သတိထားပေးနိုင်မလား၊ ရဲတပ်ဖွဲ့အဆင့်ဆင့် ညွှန်ကြား နိုင်မလားဆိုတာ ကျွန်တော်မေးမြန်းချင်ပါတယ်၊ ကျေးဇူး တင်ပါတယ်။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ကျေးဇူးတင်ပါတယ် ဦးအောင်ရွှေဦး၊ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ပတ်သက်ပြီးတော့ အခုလို ကောင်းမွန် တဲ့ အကြံဉာဏ်တွေပေးတဲ့အတွက်လည်း အထူးကျေးဇူး တင်ပါတယ်။ ရဲတပ်ဖွဲ့တွေအနေနဲ့ လက်ရှိအခြေအနေမှာပဲ ဖြစ်ဖြစ်၊ နောင်အနာဂတ်မှာပဲဖြစ်ဖြစ်၊ ဒီ့ထက်ဒီ ပိုမိုထိရောက် အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ **"ကိုလိုနီစနစ်ကိုဖျောက်၊ တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကိုစောင့်ရှောက်"** ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲရေးကော်မတီဆိုတာဖွဲ့ပြီး လုပ်ငန်းစဉ် အဆင့်တိုင်းအဆင့်တိုင်းကို တစ်ဆင့်ချင်းပြောင်းလဲနေတာ ရှိပါတယ်၊ တစ်ဖက်ကလည်း ကျွန်တော်တို့ အရင်အပတ် သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြခဲ့သလို Community Policing ဆိုတဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်း စနစ်ကို အပြည့်အဝ ယုံကြည်ချက်နဲ့ ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ အမှုဖြစ်စဉ်တိုင်းကို According to the Law တရားဥပဒေနဲ့ အညီ ဆောင်ရွက်နေတာပဲဖြစ်ပါတယ်၊ ဦးအောင်ရွှေဦး ပြောတဲ့ ဒီဖြစ်စဉ်ဟာ လတ်တလောဖြစ်နေတဲ့ လူမှောင်ခို ကုန်ကူးမှု၊ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ Case ကြောင့် ခေါ်ယူစစ်ဆေးမေးမြန်းခြင်း ဖြစ်ပါလိမ့်မယ်လို့ ထင်ပါ တယ်။ ဆောင်ရွက်ခဲ့သမျှတွေအားလုံးသည် ဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက်ကြောင့် ဥပဒေနှင့် မညီမညွှတ်တာများရှိရင်လည်း ပြည်သူများက ကျွန်တော် တို့ကို အချိန်မရွေးအသိပေး အကြောင်းကြားသင့်ပါတယ်၊ ကျွန်တော်တို့ ပြုပြင်ရန်အသင့်ဖြစ်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်၊ ဒီလောက်ပါပဲ။

ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို

ကျွန်တော်ကတော့ ယူမီယူရီရှင်ဘွန်းက ဦးကိုကိုဖြစ်ပါ တယ်။ ကျွန်တော်ဒီနေ့ မေးခွန်းလေး နှစ်ခွန်းလောက် မေးချင်ပါတယ်ခင်ဗျ။ နံပါတ်တစ်ကတော့ ခုနက သက်ဆိုင် ရာ ရဲချုပ်နဲ့ ပြည်ထဲရေးဝန်ကြီး ရှင်းသွားတဲ့အထဲမှာNDD က သိန်းဝင်း၊ နောက်တစ်ခါ ယူဂျီ ၁၀ဦးနဲ့အတူ ဂြိုဟ်တု ဖုန်းတွေသုံးပြီးတော့ မဟုတ်မမှန်သတင်းတွေပို့တယ်ဆိုတဲ့ အပိုင်းတစ်ပိုင်းရယ်၊ နောက်တစ်ချက်က ရန်ကုန်မြို့မှာ ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်ပြီးတော့ NDD သိန်းဝင်း၊ NCGUBက ပြည်ပြေးစိန်ဝင်းနဲ့ FTUBကမောင်မောင်ခေါ် ပြည်သစ်ညွှန့်ဝေတို့က ပါလာပါတယ်။ ကျွန်တော်ကပိုပြီး ရှင်းလင်းချင်လို့ အဲဒီ ၁၀ယောက်က ဗုံးပေါက်ကွဲမှုတွေနဲ့ ပတ်သက်ပြီးတော့ ပါဝင်ပတ်သက်တာရော ရှိပါသလား၊ အဲဒါလေးလည်း ကျွန်တော်သိချင်ပါတယ်။ နောက်တစ်ခုက တော့ ဒီလိုမျိုး သတင်းစာရှင်းလင်းပွဲတွေ လုပ်သွားတိုင်းမှာ တစ်ဖက်ကနေပြီးတော့ သူတို့မဟုတ်ပါဘူးဆိုပြီးတော့ ဖြောင့်ငြင်းဆိုတာတွေ Response ကလည်း ချက်ချင်းတက် လာတာရှိပါတယ်။ အခုလည်း ကျွန်တော်တို့ ဒီဗုံးပေါက် ကွဲမှုမှာ ပြည်ပြေးစိန်ဝင်း၊ နောက်တစ်ခါ မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေနဲ့ NDDသိန်းဝင်းတို့ကို ကျွန်တော်တို့က သက်သေများနဲ့တကွ သတင်းစာရှင်းလင်းထားတဲ့အခါမှာ ဟိုဘက်ကနေ ဒါတွေဟာသူတို့မဟုတ်ပါဘူးလို့ ပြန်ပြောလာ ခဲ့သည်ရှိသော် ဒီဘက်ကရော ဘယ်လိုခိုင်ခိုင်မာမာနဲ့ ဘယ်လို ပြန် ဖြေရှင်းမလဲဆိုတဲ့အပိုင်းလေးတစ်ပိုင်း၊ ကျွန်တော်အဲဒါ သိချင်ပါတယ်။ နောက် မေးခွန်းတစ်ခုကတော့ လွန်ခဲ့တဲ့ နှစ်ပတ်၊သုံးပတ်လောက်မှာ ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခု ဟာ အရေးယူခံရပြီးတော့ ဘဏ်ပိတ်သွားတယ်ဆိုတဲ့ သတင်း တစ်ခုလည်းကြားပါတယ်။ မြန်မာယူနီဗာဆယ်ဘဏ်ပါ၊ အဲဒီတော့ အဲဒီဘဏ်နဲ့ပတ်သက်ပြီးတော့ ဘယ်လိုအရေး ယူမှုကြောင့်၊ ဘယ်လိုပိတ်ခဲ့တာလဲပေါ့လေ ကျွန်တော်အဲဒါ သိချင်ပါတယ်။ အဲဒါနဲ့ဆက်စပ်ပြီးတော့ပဲ တခြားသော ကျန်နေသေးတဲ့ ပြည်တွင်းပုဂ္ဂလိက ဘဏ်တွေပေါ်မှာလည်း ပြည်သူတွေကနေပြီးတော့ သို့လော သို့လော ဘယ်တော့များ ဘာဖြစ်မလဲဆိုတဲ့ စိုးရိမ်ပူပန်မှုလေးတွေကလည်း ရှိပါတယ်။ အဲဒီတော့ အဲဒီဘဏ်တွေပေါ်မှာရော ဘယ်လိုအစီအစဉ်များ ရှိပါသလဲ၊ အဲဒါလေးလည်း ကျွန်တော်တို့ အားလုံးသိရ အောင် ရှင်းလင်းဖြေကြားပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

NCGUB, FTUB ရဲ့ ငွေကြေးအထောက်အပံ့တွေနဲ့ ကျွန်တော်တို့ ပြည်တွင်းမှာမတည်မငြိမ်ဖြစ်အောင်နဲ့ လူထု ဖောက်ခွဲမှု၊ လူထုအုံကြွမှုဖြစ်အောင်ဆောင်ရွက်ခဲ့တဲ့ မြေပေါ် အမာခံ စုစုပေါင်း ၁၄ဦး အနက် ၁၀ဦးကို ကျွန်တော်တို့ ဖော်ထုတ်ဖမ်းဆီးရမိပြီး ဖြစ်ပါတယ်။ ဒီ ၁၀ ဦးကတော့ လောလောဆယ် လူထုအုံကြွမှုသက်သက်၊ လူထုဖောက်ခွဲမှု သက်သက်အတွက် NCGUB နဲ့ FTUBအစီအမံအရ ဆောင်ရွက်ထားတဲ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ တစ်ဖက်က မေလ၇ရက်နေ့ဖောက်ခွဲမှုဖြစ်စဉ်ကလည်းကြိုးကိုင်စည်းရုံးခဲ့တဲ့ လူတွေဟာ NCGUB နဲ့ FTUB ကနေပြီးတော့ NDDကို အခြေခံပြီး ဆောင်ရွက်ခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ဆရာချင်းကတော့တူပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဖမ်းဆီးရမိထားတဲ့ မြေပေါ်အမာခံ ၁၀ ဦးနဲ့ ဖောက်ခွဲဖျက်ဆီး ရေးလုပ်သွားတဲ့ Vigorous အဖွဲ့တွေရဲ့ ဆက်ဆံဆောင်ရွက် မှုကိုတော့ ကျွန်တော်တို့ ဖော်ထုတ်ဆဲဖြစ်ပါတယ်။ ဒါ တစ်ချက်ပါ။ ကျွန်တော်တို့ ဒီဖောက်ခွဲမှုနဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့မြေပေါ်လူထုအုံကြွမှုကိစ္စနဲ့ပတ်သက် လို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ စွပ်စွဲချက်တွေကို ငြင်းဆိုလာ မယ်ဆိုရင် လူထုအုံကြွမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တရားဝင် ဖမ်းဆီးထားတဲ့ ၁၀ယောက်ရဲ့ တရားဝင်ထွက်ချက် တွေက အခိုင်အမာသက်သေပြနိုင်ပါတယ်။ နောက်တစ်ချက် ကလည်း မေလ ၇ရက်နေ့ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖမ်းဆီးရမိထားတဲ့ တရားခံအချို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သတင်းပေး အမာခံတချို့ရှိပါတယ်။ အချိန်မရွေးရှင်းလင်းပြနိုင်မယ့်သက်သေသက္ကာယ အထောက် အထားများ အခိုင်အမာရှိကြောင်းတင်ပြလိုပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး

ကျွန်တော်ပြန်ဖြေကြားရမယ့်ကိစ္စကတော့ ဘဏ်ကိစ္စပေါ့၊ ဘဏ်ကိစ္စလို့ပြောလိုက်ရင် ယူနီဗာဆယ်ဆို အားလုံးသိနေ ကြတာပါပဲ။ အဲဒီဘဏ်သည် သတ်မှတ်ထားသော ဘဏ် လုပ်ငန်း စည်းမျဉ်းစည်းကမ်းကို တစ်ချက်ဖောက်ပါတယ်။ နံပါတ်နှစ်အချက်သည် AML ပေါ့၊ Anti Money Laundry နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အရေးယူ ဖွယ်ရာ ရှိတဲ့အတွက်ကြောင့် ရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပါတယ်။ အခြားပုဂ္ဂလိကဘဏ်တွေနဲ့ပတ်သက်လို့ ဘာတစ်ခုမှ ဆောင်ရွက်စရာမရှိပါဘူး။ ကျွန်တော်အာမခံပါတယ်။ ဘာ့ကြောင့်လဲဆိုတဲ့အခါမှာ တရားမဝင်ငွေကြေးပစ္စည်းနဲ့ ပတ်သက်လို့ နိုင်ငံတော်က ဖွဲ့စည်းပေးထားတဲ့ ဗဟိုအဖွဲ့မှာ ကျွန်တော်ဥက္ကဋ္ဌဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြားဘဏ် တွေနဲ့ပတ်သက်လို့ ဘာသတင်းမှလည်းမရှိပါဘူး၊ ဘာမှ လည်း လုပ်ကိုင်ဆောင်ရွက်စရာ မရှိပါဘူး။ စည်းမျဉ်း စည်းကမ်းဥပဒေဘောင်အတွင်းကပဲ အားလုံးဆက်လက် ဆောင်ရွက်နေကြတဲ့ အခြေအနေမှာပဲ ရှိပါတယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။

မြန်မာတိုင်း(မ်)ဂျာနယ်မှ ဒေါ်နွယ်နွယ်အေး

မြန်မာတိုင်း(မ်)သတင်းဂျာနယ်က နွယ်နွယ်အေးပါ။ MUBဘဏ်နှင့် ပတ်သက်ပြီးတော့ အဲဒီမှာ ဘဏ်ရဲ့ပိုင်ဆိုင် ပစ္စည်းတွေရော၊ ငွေတွေပါသိမ်းမလားဆိုတဲ့ စိုးရိမ်စိတ်တွေ ဖြစ်နေကြတော့ အဲဒါလေးတစ်ချက်သိချင်ပါတယ်။ နောက် တစ်ခု နောက်နှစ်အောက်တိုဘာလထဲမှာပေါ့လေ ပျဉ်းမနားကို ဝန်ကြီးရုံးတွေ ရွှေ့မယ်၊ မရွှေ့ဘူးဆိုတာလေး တစ်လက် စတည်းပဲ ရှင်းလင်းပေးပါလို့၊ ကျေးဇူးတင်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

မေးသွားတာက နှစ်ချက်ရှိပါတယ်၊ တစ်ချက်ကတော့ ခုနက MUB ဘဏ်မှာအပ်ထားကြတဲ့ အပ်ငွေတွေနဲ့ ပတ်သက်လို့ တစ်ကြိမ်ကို သိန်း ၃၀နဲ့ တောက်လျှောက်ထုတ် ပေးနေပါတယ်။ ပုဂ္ဂလိကဘဏ်မှာ ပုဂ္ဂလိကအပ်ထားတဲ့ငွေ ပြန်လည်ထုတ်ပေးမှုနဲ့ပတ်သက်ပြီးတော့လည်း ကန့်သတ် ထားတာမဟုတ်ပါဘူး၊ နည်းနည်းလေးစိစစ်ပြီးတော့ ဖြည်းဖြည်းထုတ်ပေးထားတာပဲ ရှိပါတယ်၊ အားလုံးကျေးဇူး တင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဘဏ်ကိစ္စထပ်ပြီးတော့သေချာအောင် ကျွန်တော်အာမခံ ချက်ပေးချင်တာက ပိုင်ဆိုင်တဲ့ငွေကြေးပစ္စည်းကို မဆုံးရှုံး ရအောင် နိုင်ငံတော်ကထိန်းပြီး လုပ်ပေးခဲ့တာ ဖြစ်ပါ တယ်။ အခုလည်းပဲ အဲဒီအတိုင်းပဲ ထိန်းပြီးလုပ်ပေးခဲ့တာ ဖြစ်တဲ့အတွက် ဒီအပေါ်မှာဘာမှ စိုးရိမ်ကြောင့်ကြမှုမရှိပါ နဲ့ဆိုတာကို ပြောလိုပါတယ်။ နောက် အလယ်ပိုင်းကိစ္စက ကနေ့အချိန်အထိ ကျွန်တော်တို့တစ်တွေကို တရားဝင် ညွှန်ကြားချက် ဘာတစ်ခုမှမရှိပါဘူး။ အဲဒါအားလုံး သိအောင်ပါ၊ ကျေးဇူးတင်ပါတယ်။

လယ်ယာစီးပွားသတင်းဂျာနယ်မှ ဦးမြတ်စိုး

ကျွန်တော်က လယ်ယာစီးပွားသတင်းက အယ်ဒီတာချုပ် မြတ်စိုးပါခင်ဗျာ။

ကျွန်တော်တို့ ခုနက ဝန်ကြီးနှစ်ဦးစလုံး ရှင်းသွားတာ အင်မတန်ရှင်းပါတယ်။**စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❍**

ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာတိုင်း(မ်)မှ ဒေါ်နွယ်နွယ်အေး မေးမြန်းစဉ်။ (သတင်းစဉ်)

လယ်ယာစီးပွားသတင်းဂျာနယ်မှ ဦးမြတ်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

အင်န်တီဗွီသတင်းဌာနမှ ဒေါ်ဆင့်ဆင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကဘဏ်မှာ ပုဂ္ဂလိက အပ်ထားတဲ့ငွေ ပြန်လည်ထုတ်ပေးမှုနဲ့ ပတ်သက်ပြီးတော့လည်း ကန့်သတ်ထားတာ မဟုတ်ပါဘူး၊ နည်းနည်းလေး စိစစ်ပြီးတော့ ဖြည်းဖြည်း ထုတ်ပေးထားတာပဲ ရှိပါတယ်။

➪ စာမျက်နှာ ၉ မှ

လတ်တလောဖြစ်စဉ်များကို ထုတ်နုတ်တင်ပြရမည်ဆိုရင် ရှက်ဆစ်ခေါင်းဆောင်တဲ့ SSA အကြမ်းဖက် သောင်းကျန်းသူအချို့ဟာ ၃၁-၅-၂၀၀၅ရက်နေ့ ညနေပိုင်းက ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အမှတ်(၅)ရပ်ကွက်နေ စိုင်းကျော် လင်းနှင့် အခြားငါးဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းတို့အဖွဲ့ထဲကို လူသစ်အဖြစ် အတင်းအဓမ္မ ဝင်ရောက်စေခဲ့ကြောင်း၊ အဲဒီခြောက်ဦးအနက်မှ စိုင်းကျော်လင်းနှင့်နှစ်ဦးဟာ ၁၄-၆-၂၀၀၅ရက်နေ့မှာ ပြန်လည်ထွက်ပြေးလွတ်မြောက်လာခဲ့ကြောင်း၊ နောက်ပြီး ၂၃-၆-၂၀၀၅ရက်နေ့ ညပိုင်းမှာ မောက်မယ်မြို့နယ် ကဒူးကြီး ကဒူးလေးဒေသရှိ မဲစကျေးရွာနဲ့ ပုန်းဆုတ်ကျေးရွာတို့မှ ရွာသား ၄၀ကို အတင်းအဓမ္မလူသစ်စုဆောင်းဖို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ပုန်းဆုတ်ရွာသား "တကြည်" ဆိုသူတစ်ဦးသာ ပြန်လည်ထွက်ပြေးလွတ်မြောက် လာခဲ့ကြောင်း။

အဓမ္မခေါ်ဆောင်

အလားတူ ၁၆-၇-၂၀၀၅ရက်နေ့ နေ့လယ်ပိုင်းမှာ SSA မှ ကောလိယဆိုသူ ခေါင်းဆောင်တဲ့အဖွဲ့ဟာ ကဒူးကြီးကျေးရွာဥက္ကဋ္ဌ ဦးဇောတိကအပါဝင် ရွာသား ၁၂ဦး၊ ပန်ကျိုင်းရွာသားတစ်ဦးနဲ့ ကျေးခွန်ရွာသားနှစ်ဦး စုစုပေါင်း ၁၅ဦးကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ အဲဒီလို SSA သောင်းကျန်းသူအဖွဲ့ဟာ ကျေးရွာသားများကို အတင်းအဓမ္မ တပ်သားသစ်စုဆောင်းနေလို့ ဒေသခံပြည်သူများဟာ သောင်းကျန်းသူအဖွဲ့ထဲ မဝင်ရောက်လိုတဲ့အတွက် ဘုန်းကြီးကျောင်းတွေမှာ ရှင်သာမဏေဝတ်ပြီး ပုန်းလျှိုးနေရကြောင်း၊ ကျိုင်းတောင်းမြို့မှာဆိုရင် ၈-၆-၂၀၀၅ရက်နေ့မှ ၂၅-၆-၂၀၀၅ရက်နေ့အထိ ၁၈ရက်အတွင်း ရှင်သာမဏေဝတ်သွား တဲ့ရွာသား ၆၇ဦးအထိရှိခဲ့ကြောင်း။

အဲဒီဖြစ်စဉ်တွေကြောင့် တာဝန်ရှိသူများက နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပြီး မြဝတီရုပ်မြင်သံကြားအဖွဲ့ကလည်း အဲဒီဒေသတွေကို ကွင်းဆင်းပြီး ရှင်သာမဏေ ၃၅ပါးနဲ့တွေ့ဆုံ၍ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးခြင်းများပြုလုပ်ခဲ့ကြောင်း ပြောကြားလိုပါတယ်။

ရှက်ဆစ်ခေါင်းဆောင်တဲ့ SSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟာ ၂၀၀၅ ခုနှစ် ဇွန်လမတိုင်မီကစပြီး ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများမှာ တစ်အိမ်လျှင် ယောကျ်ားသုံးဦးရှိက နှစ်ဦးပေးရမည်ဆိုပြီး အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ပြုလုပ်လာတဲ့အတွက် ပြည်သူလူထုအနေဖြင့် သောင်းကျန်းသူအဖွဲ့ထဲ ဝင်ရောက်ရမှာကိုစိုးရိမ်ပြီး မြို့ပေါ်သို့ ပြောင်းရွှေ့ခြင်း၊ အခြားနေရာများသို့ ထွက်ခွာတိမ်းရှောင်နေရခြင်းများရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အစပ်ရှိ ကျေးရွာများမှ အိမ်ထောင်စု ၇၈စုဟာ ၃၀-၇-၂၀၀၅ရက်နေ့မှစ၍ ကယားပြည်နယ်၊ ရှားတောမြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့ ပြောင်းရွှေ့သွားခဲ့ကြကြောင်း။

ကျေးရွာပြည်သူများဟာ မိမိတို့နေရာဒေသမှာ မိသားစုများနဲ့ အတူတကွ အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုသော်လည်း SSA ရှက်ဆစ်အဖွဲ့၏ အတင်းအဓမ္မ လူသစ်စုဆောင်းမှုများကြောင့် ရှက်ဆစ်အဖွဲ့ကို လိုလားခြင်းမရှိကြောင်း။

အလားတူ သောင်းကျန်းသူအဖွဲ့ထဲမှာနေထိုင်စဉ် တောတောင်ထဲတွင် ဆင်းရဲစွာသွားလာနေထိုင်ရခြင်း၊ မိသားစုနှင့်အတူ ကောင်းမွန်စွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်းများကြောင့် SSA တပ်မဟာ (၇၅၉)၊ တပ်ရင်း(၂၄၂)မှ တပ်သားအဆင့်ရှိ ဖူးမာအပါအဝင် လေးဦးတို့ဟာ ၂၈-၇-၂၀၀၅ရက်နေ့မှာ လက်နက်များနဲ့အတူ နိုင်ငံတော်စိုးရရဲ့အေးချမ်းတဲ့အရိပ်အောက်သို့ ခိုဝင်လာခဲ့ကြကြောင်း၊ ရှက်ဆစ်ခေါင်းဆောင်တဲ့ SSA အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်က နှိမ်နင်းခဲ့ရာ ၂၀၀၅ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း ထိတွေ့မှုပေါင်း ၁၂ကြိမ်ရှိခဲ့ပြီး ရန်သူဘက်မှအလောင်း ၁၅လောင်းနဲ့ ရန်သူတစ်ဦးကို လက်နက်မျိုးစုံနဲ့အတူ ဖမ်းဆီးရရှိခဲ့ကြောင်း အသိပေးပြောကြားလိုပါတယ်။

ယခုလိုသောင်းကျန်းသူ SSA ရှက်ဆစ်အဖွဲ့နဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြရတာကတော့ တစ်ဖက်နိုင်ငံအတွင်း နယ်စပ်ဒေသမှာ အခြေခံနေထိုင်နေတဲ့ ဒီအဖွဲ့ဟာ တည်ငြိမ်အေးချမ်းနေတဲ့ ရှမ်းပြည်နယ် အစွန်အဖျားဒေသတွေမှာ အဖွဲ့ငယ်လေးတွေနဲ့ ဝင်ရောက်လုပ်ဆောင်လာတဲ့အတွက် ဒေသခံပြည်သူလူထုဟာ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ပြန်လည်ခံစားလာကြရပြန်ပြီလို့ ပြောကြားချင်ပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းနှင့်ပြည်နယ်အားလုံးမှာ တည်ငြိမ်အေးချမ်းဖို့၊ တရားဥပဒေစိုးမိုးဖို့၊ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးနေထိုင်နိုင်ဖို့အတွက် အစီအမံရှိရှိနဲ့ လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါကြောင့် SSA ရှက်ဆစ်အဖွဲ့နဲ့ ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်မှုတွေပြုလုပ်သွားမယ်လို့လည်း အသိပေးပြောကြားလိုပါတယ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)၌ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ ကြည့်ရှုကြစဉ်။ (ကြေးမုံ)

၂၃-၈-၂၀၀၅ရက်နေ့က ဘီဘီစီရဲ့ထုတ်လွှင့်ချက်များဟာ လုံးဝမှန်ကန်ခြင်းမရှိ ဘီဘီစီသတင်းဌာနအနေနဲ့ အခုလို မဟုတ်မမှန်တဲ့ လုပ်ကြံသတင်းကို တမင်ကြံရွယ်ချက်နဲ့ စတင်ထုတ်လွှင့်ခဲ့ခြင်းအတွက် ၎င်းမှာတာဝန်ရှိ

❐ စာမျက်နှာ ၁၁ မှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ကွင်းဆင်းစစ်ဆေးကြပ်မတ်ပြုပြင်ပေးခြင်း၊ အရှိန်အဟုန်မပျက် ပေါင်းစပ်ညှိနှိုင်း မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ရပ်လုံး ပြီးမြောက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ ယခုမြင်တွေ့ရသည့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့နေရခြင်း၊ အကျိုးစီးပွားများကို ခံစားနေရခြင်း ဖြစ်ကြောင်း"ဖြင့် ပြောကြားခဲ့ပါတယ်။

ယနေ့အချိန်အခါမှာ နိုင်ငံတော်ရဲ့ ဦးစီးခေါင်းဆောင်မှုအနေအထားဟာ အထက်ပါအတိုင်းပင် ဆောင်ရွက်လျက်ရှိနေပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့်လည်း ကျန်းကျန်းမာမာဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိနေပါတယ်၊ ၂၃-၈-၂၀၀၅ ရက်နေ့က ဘီဘီစီရဲ့ထုတ်လွှင့်ချက်များဟာလည်း လုံးဝမှန်ကန်ခြင်းမရှိကြောင်း ပြောကြားလိုပါတယ်၊ အလားတူ ဘီဘီစီရဲ့ထုတ်လွှင့်ချက်အပေါ်အခြေခံပြီး အမျိုးမျိုးပြောဆို သွေးထိုးထုတ်လွှင့်ခဲ့သော အခြားမီဒီယာများရဲ့ ထုတ်လွှင့်ချက်များဟာလည်း မှန်ကန်မှုမရှိကြောင်း ပြောကြားလိုပါတယ်၊ ဒါကြောင့်လည်း ဘီဘီစီသတင်းဌာနအနေနဲ့ အခုလို မဟုတ်မမှန်တဲ့ လုပ်ကြံသတင်းကို တမင်ကြံရွယ်ချက်နဲ့ စတင်ထုတ်လွှင့်ခဲ့ခြင်းအတွက် ၎င်းမှာ တာဝန်ရှိမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်မဂ္ဂဇင်း သတင်းထောက်များခင်ဗျား–

တစ်ဆက်တည်းမှာပဲ အခုလို မဟုတ်မမှန် လုပ်ကြံထားသော သတင်းများ၊ မတော်မတရား စော်ကားသောသတင်းများ၊ ကောလာဟလသတင်းများနဲ့ စပ်လျဉ်းပြီး အခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကောင်စစ်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း (ဖုန်းနံပါတ်–၂၂၂၁၉၇)ထံသို့ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း (ဖုန်းနံပါတ်–၅၄၉၁၉၉)ထံသို့လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း(ဖုန်းနံပါတ်–၂၉၄၅၂၃)ထံသို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဂျာနယ်မဂ္ဂဇင်း သတင်းထောက်များခင်ဗျား–

ယနေ့လိုအချိန်ကာလမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက အကြမ်းဖက်အဖျက်သမားတွေရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေ၊ ပြည်တွင်းမှာ စိမ့်ဝင်ထိုးဖောက်နေတဲ့ ၎င်းတို့အမာခံတွေရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို စုံစမ်းဖော်ထုတ်ပြီး နိုင်ငံနဲ့ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှု မရှိရအောင် ကြိုတင်ကာကွယ် တားဆီးနေပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ သတင်းမီဒီယာလောကသားအားလုံးကလည်း ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားများရဲ့ မီဒီယာထိုးစစ်ကို တန်ပြန်ထိုးစစ်ဖြင့် ဝိုင်းဝန်းရိုက်ချိုး ချေဖျက်ပေးကြပါ၊ ပြည်သူများအပိုင်းကလည်း ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်အမှောင့်သမားများနဲ့ ၎င်းတို့အပေါင်းပါ အသံလွှင့်ဌာနများ၊ သတင်းမီဒီယာများရဲ့ သွေးဆောင်ဖြားယောင်းပြီး မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်နေတဲ့ သတင်းပရိယာယ်ထောင်ချောက်ကို သတိပြုရှောင်ရှားကြပါ၊ အကြမ်းဖက်အဖျက်သမားများ စိမ့်ဝင်ထိုးဖောက်ပြီး အဖျက်အမှောင့်လုပ်ရပ်များ မကျူးလွန်နိုင်အောင် နိုင်ငံတော်အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ပြီး ကြိုတင်ကာကွယ်တားဆီးကြပါ၊ အကြမ်းဖက်အဖျက်သမားများနဲ့ ၎င်းတို့အဆက်အနွယ်များရဲ့ သတင်းများ၊ လှုပ်ရှားမှုများကိုလည်း အမြဲသတိပြုစောင့်ကြည့် သတင်းပေးပို့ကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

(သတင်းစဉ်)

❍ စာမျက်နှာ ၁၃ မှ

ကျွန်တော်တို့ လက်ထဲမှာရှိတဲ့ ငွေတစ်ထောင်ဟာ ဒီနေ့ကိုင်ထားတဲ့ တစ်ထောင်တန် တစ်ရွက်ဟာ စိုးရိမ်စရာမရှိတဲ့ တစ်ထောင်တန်တစ်ရွက် ဖြစ်နေဖို့လိုမယ်လို့ ကျွန်တော်မြင်ပါတယ်၊ ဒါကြောင့်မို့လို့ တစ်ထောင်တန် အစစ်ဆိုတာဟာ အသေးအကြီး နှစ်မျိုးမှာ ဘယ်လိုပုံသဏ္ဍာန်ဖြစ်တယ်ဆိုတဲ့ ထုတ်ပြန်မှုလေးရှိသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်၊ ဒီတစ်ထောင်တန် အစစ်နဲ့အတု ခွဲခြားမှု ထုတ်ပြန်ချက်ကလေး ရှိနိုင်၊ မရှိနိုင်ဒါလေး ဖြေကြားပေးစေချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ်၊ တစ်ထောင်ကျပ်တန် အတု၊အစစ်ခွဲခြားနိုင်ဖို့ကိစ္စကို ထုတ်ပြန်ပေး၊ မပေးဆိုတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ အတုကိုကပ်ပြီးတော့ ဖော်ပြထားပါတယ်၊ နောက်မှာပြပေးထားပါတယ်၊ ဒီကိစ္စတွေကို ကျွန်တော်တို့ ဖမ်းဆီးရမိတဲ့အချိန်ကစပြီးတော့ အဲဒီပစ္စည်းတွေ အတုတွေ ဝင်နေတဲ့နေရာတွေ အတုတွေဖြစ်တဲ့ နေရာတွေမှာ ဘုတ်နဲ့ကပ်ပြီးတော့ ပြည်သူကိုသိနိုင်အောင်၊ သူတို့သတိပြုနိုင်အောင် အစီအစဉ်တွေ ပြုလုပ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါကတော့အတု၊ ဒါကတော့အစစ်ဆိုတာ ပြည်သူတွေ သတိထားနိုင်အောင် ပူးပေါင်းပါဝင်ပြီးတော့ ဖမ်းပေးနိုင်အောင် ကျွန်တော်တို့ ဒီလိုလုပ်ပြီးသားဖြစ်ပါတယ်၊ ဒီမှာလည်းပဲ ကနေ့ သတင်းစာရှင်းလင်းပွဲမှာ နောက်မှာ ကျွန်တော်တို့ အတုတွေကပ်ပြီးတော့ ပေးထားပါတယ်၊ ကျေးဇူးတင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဒေါ်ဆင့်ဆင့်အောင်၊ ဗိုလ်ချုပ်မှူးကြီး စစ်ရုံးမှာရှိနေပါတယ်၊ နိုင်ငံတော်ရဲ့ တာဝန်တွေကို ၂၄နာရီပတ်လုံး ကျန်းကျန်းမာမာနဲ့ ထမ်းဆောင်နေပါတယ်၊ လူကြီးအတွက် စိုးရိမ်တာကိုလည်း ကျေးဇူးတင်ပါတယ်၊ သို့သော်လည်းပဲ အဲဒီပြည်တွင်းပြည်ပ Media တွေအပေါ်ကိုတော့ နည်းနည်းလေး ကျွန်တော်တို့ ပြည်သူများ နားလည်သဘောပေါက်ဖို့သင့်ပြီလို့ ကျွန်တော်ဒီလိုပဲ ဆွေးနွေးလိုပါတယ်၊ ဘယ်တုန်းကမှ အမှန်ကို မပြောခဲ့ဘူး၊ ဘယ်တုန်းကမှ အကောင်းကို မလုပ်ခဲ့ဘဲနဲ့ အမြဲတမ်းဒီမှာ ရှုပ်ထွေးအောင် မတည်မငြိမ်တွေ ဖြစ်အောင် ဒီအတိုင်းလုပ်နေပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ Media လောကသားများကလည်း အဲဒီပြည်ပ Media တွေရဲ့ တကယ့်သူတို့ရဲ့ အတွင်းစိတ်နဲ့ အခြေအနေမှန်ကို သဘောပေါက် သိရှိသင့်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်၊ ကျေးဇူးတင်ပါတယ်။

(သတင်းစဉ်)

နီပွန်တယ်လီဖေးရှင်းမှ ဒေါ်ဆင့်ဆင့်အောင်

တပ်ချုပ်ကြီးရဲ့ ကျန်းမာရေးသတင်းနဲ့ ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်းသိရှိရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်၊ ပိုပြီးတော့ ရှင်းလင်းသွားအောင် ပြည်ပကောလာဟလတွေလည်း ပိုပြီးရှင်းလင်းသွားအောင် ပြည်တွင်းမှာလား၊ ပြည်ပမှာလားသိချင်ပါတယ်ရှင်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈-၈-၂၀၀၅)

ရန်ကုန်မြို့လယ်
၃ ဒသမ ၃၈ လက်မ
သိမ်ဇရပ်
၃ ဒသမ ၀၇ လက်မ
ရွှေဘို
၁ ဒသမ ၈၅ လက်မ
ပြင်ဦးလွင်
၁ ဒသမ ၇၇ လက်မ
မိုင်းဆတ်
၁ ဒသမ ၆၉ လက်မ
မောင်တော
၁ ဒသမ ၄၂ လက်မ
မန္တလေးနှင့်ကော့သောင်း
၁ ဒသမ ၂၂ လက်မ
ကျောက်ဆည်
၁ ဒသမ ၁၈ လက်မ

မန္တလေးဈေးချိုမြေညီထပ်နှင့် ရန်ကုန်မြို့သုံးနေရာမှာ ဖောက်ခွဲမှုများကို ပြည်ပြေးစိန်ဝင်းနှင့် မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေတို့က ကြိုးကိုင်ဆောင်ရွက်ခဲ့

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံကို စာမျက်နှာ(၈)တွင် ဖော်ပြထားပါသည်။

FTUB မှ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေသည် NDD သိန်းဝင်းကို ကြိုးကိုင်စေခိုင်း မြန်မာနိုင်ငံအတွင်းမှ မဟုတ်မမှန်သတင်းများကိုရယူပြီး ILO သို့ ပေးပို့တိုင်ကြားနေ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံကို စာမျက်နှာ(၃)တွင် ဖော်ပြထားပါသည်။

NCGUB၊ FTUB၊ ABSDF၊ SSA-S (ရှက်ဆစ်အဖွဲ့)တို့အား မတရားအသင်းများဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma) (NCGUB)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို သော်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကို သော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့် အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (Federation of Trade Union of Burma) (FTUB)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို သော်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့် အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front (ABSDF)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးကို သော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကို သော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့ အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့် အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို သော်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးကို သော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မတရား အသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန